မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၅ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး **Colonel Manoj Mukund Naravane** နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel Rajesh Kumar** တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ခရိုအေးရှားသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗိုဂျိုဆီပိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rajesh Kumar တို့အား ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး Colonel Mitsuji SARATANI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Yuji SATO တို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၃* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၅ ရက်)

ကြက်ငှက်တုပ်ကွေးရောဂါ ရာသီချိန်ခါမရွေး သတိပြုကာကွယ်ပါ

ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ဇွန်လ ၁၈ရက်နေ့အထိ အာရှ၊ အာဖရိက၊ ဥရောပ ဒေသရှိ နိုင်ငံပေါင်း ၆၃ နိုင်ငံအထိ ပျံ့နှံ့ခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အမျိုးအစားအေဗီဇရှိသည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်း ဖြစ်သည်။ အိမ်မွေးကြက်၊ ဘဲ၊ ငှက်အပါအဝင် တိရစ္ဆာန်များတွင် အဆိုပါရောဂါဖြစ်ပွားပါက လက္ခဏာများမှာ အမွေးအတောင်များ ပွရောင်းရောင်းဖြစ်နေခြင်း၊ ဥထွက်နှုန်းကျဆင်းလာခြင်း၊ အသက်ရှူနှုန်း မသိမသာပြင်းထန်လာခြင်းတို့ဖြစ်သည်။ ပထမအဆင့်တွင် ရောဂါလက္ခဏာမှာ သိမ်မွေ့ညင်သာသည့်အတွက် ရောဂါရှိနေမှုန်း သတိမထားမိ ရှိတတ်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၆ နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရသည်။ လူသို့ကူးစက်ဖြစ်ပွားမှုမှာ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ရက်နေ့အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၄၉၉ ဦး ရှိပြီး ၂၉၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူတွင်ဖြစ်ပွားသောလက္ခဏာများမှာ ကိုယ်အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်(စ်)ထက်ပို၍ အဖျားကြီးခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အပြင်းအထန် ချောင်းဆိုးခြင်း၊ အသက်ရှူမြန်ခြင်း စသည်ဖြင့် သာမန်လူတို့တွင်ဖြစ်သော တုပ်ကွေးရောဂါနှင့် ဆင်တူသည်။

မြန်မာနိုင်ငံအတွင်း ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ရောဂါကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ထိန်းချုပ်နိုင်ခဲ့၍ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ခဲ့ခြင်း မရှိခဲ့ချေ။

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်မှုဖြစ်ပွားနိုင်သဖြင့် ကြိုတင်ကာကွယ်မှုအဖြစ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်များကို ကြက်ငှက်မွေးမြူသူတို့က ရာသီချိန်ခါမရွေး သတိပြုလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီး ဦးမောင်ဦး ရဲစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ရက်က နေပြည်တော်-ရန်ကုန် အမြန်လမ်းတစ်လျှောက်ရှိ ရဲစခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရဲစခန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆောင်ရွက်ရန် အသေးစိတ် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဘောနက်ကြီးရဲစခန်းနှင့် ဖြူးရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦး ဘောနက်ကြီး ရဲစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်၊
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ပဋိစ္စသမုပ္ပါဒ်သင်တန်း** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုရွှေမန်းဦးသူရိယ)
- ၆:၅၀ ကလောမှာထင်ရှား ရွှေဥမင် ဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဒေါ်ခင်မြင့်မြင့် စာကြည့်တိုက် ဖွင့်ပွဲ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၇)
- ၈:၃၀ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
- ၈:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နှစ်ကျပ်ကွက်နင်းတဲ့ ယောက်ဖ**
- ၉:၀၀ Activities in the City (Myanmar Society of Endocrinology & Metabolism (MSEM)၏ နှစ်ပတ်လည် အခမ်းအနား
- ၉:၂၅ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဦးပလာတာ) (အပိုင်း-၂)
- ၁၀:၀၅ ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
- ၁၀:၂၅ သွေးသန့်လျှကြစို့၊ လူငယ်တို့ (၂၀၁၀ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနား)
- ၁၀:၅၀ VJ Choice
- ၁၀:၂၀ နူးညံ့လှပ နန်းတွင်းယိမ်းအက
- ၁၁:၂၅ ပန်းချီပြခန်း (သတ္တမအကြိမ်မြောက် စမ်းချောင်းမြို့နယ် ပန်းချီပြပွဲ)
- ၁၁:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဝေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၅၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (S.I.R Show Skulls in Ribeage)
- ၁၂:၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁၂:၃၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့်သာသနာ
- ၁၂:၅၀ လူနှင့်ကံ
- ၁:၀၀ **ပဋိစ္စသမုပ္ပါဒ်သင်တန်း** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု ရွှေမန်းဦးသူရိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့် တွေ့ဆုံခြင်း)
- ၃:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၇)
- ၄:၀၅ Activities in the City (Myanmar Society of Endocrinology & Metabolism(MSEM)၏ နှစ်ပတ်လည်အခမ်းအနား
- ၄:၂၀ ဒေါ်ခင်မြင့်မြင့် စာကြည့်တိုက်ဖွင့်ပွဲ
- ၄:၄၀ ဗညားဟန်၏ ဆုတောင်းပြည့်ချိန် တေးစီးရီးမိတ်ဆက်ပွဲ
- ၅:၀၀ ပန်းချီပြခန်း (သတ္တမအကြိမ်မြောက် စမ်းချောင်းမြို့နယ် ပန်းချီပြပွဲ)
- ၅:၁၀ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Lako Beauty Spa)
- ၆:၃၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (S.I.R Show Skulls in Ribeage)
- ၇:၀၀ ဖက်ရှင်လမ်းညွှန် (Wedding of Birdal Bliss)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (Mega Structures; Super Factories)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၇)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နှစ်ကျပ်ကွက်နင်းတဲ့ ယောက်ဖ**
- ၁၀:၂၅ Sports World
- ၁၀:၅၀ သွေးသန့်လှူကြစို့၊ လူငယ်တို့ (၂၀၁၀ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနား)
- ၁၁:၁၀ VJ Choice
- ၁၁:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့်တွေ့ဆုံခြင်း)
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေမြှင့်မှ လူမျိုးတင့်မည်

စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီရေး ရွှေပြည်သာ၌ ဆွေးနွေး ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဇွန် ၂၄

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများသည် ဇွန် ၂၂ရက် နံနက် ၁၀နာရီက လှော်ကားကျေးရွာ ပြည့်အားမာန် စာကြည့်တိုက်၌ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက်ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ဖြင့် ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၂၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးမင်းသန်းနှင့် အဖွဲ့ဝင် ဦးခင်မောင်လတ်တို့က လက်ခံယူသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

လူငယ်မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အသက် (၁၇) နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၂ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ၂၅-၃၀ ကီလိုတန်းပြိုင်ပွဲ၊ ၃၀-၃၅ကီလိုတန်းပြိုင်ပွဲ၊ ၃၅-၄၀ ကီလိုတန်းပြိုင်ပွဲ၊ ၄၀-၄၅ ကီလိုတန်းပြိုင်ပွဲ၊ ၄၅-၅၀ကီလိုတန်းပြိုင်ပွဲနှင့် ၅၀-၅၅ကီလိုတန်းပြိုင်ပွဲ၊ သုံးယောက်တွဲ ဓမ်းရည်ပြ (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် သုံးယောက်တွဲ ဓမ်းရည်ပြ(အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က ဆုများချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာအောင်မျိုး	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ) ဦးထွန်းထွန်းနိုင်	ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ) ဦးဆန်းမြင့်	ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သန်လျင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် ရေကြောင်းပညာတက္ကသိုလ်တို့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နည်းပညာတက္ကသိုလ် ဥပစာရှိ ယာယီရှင်းလင်းဆောင်၌ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက တောင်ပိုင်းခရိုင်မြို့နယ်များအတွင်း သစ်ပင်စိုက်ပျိုးသွားမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး တိုင်းမှူးက အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း
ခရိုအေးရှား နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေး ဝန်ကြီး မစ္စတာ ဂေါဒွန်၊ ဂျန်ဒရိုကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ စာအုပ်၊ စာရေးကိရိယာများလှူဒါန်း

ပုသိမ် ဇွန် ၂၄

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းအပ်နှံရေးအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းငွေ

အခမ်းအနားတွင် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းအတွင်းရှိ ခရိုင်ခြောက်ခရိုင်သို့ တစ်ခရိုင်လျှင် ကျပ်တစ်သိန်းစီ **(အပေါ်ပုံ)** နှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် လှူဒါန်းငွေစုစုပေါင်းမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ခြောက်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၆ သိန်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၆-၂၀၁၀

ခန္တီးမြို့	၄ ဒသမ	၉၇ လက်မ
ဘီးလင်းမြို့	၃ ဒသမ	၁၁ လက်မ
ကျိုက္ခမီမြို့	၂ ဒသမ	၅၂ လက်မ
မြိတ်မြို့	၂ ဒသမ	၂၁ လက်မ
ဟုမ္မလင်းမြို့	၂ ဒသမ	၀၈ လက်မ

မြန်မာ့အလင်း **ကျန်းမာရေးရာ သတင်းသုတ**

ကိုယ်ဝန်ဆောင်စဉ် သွေးချိုဓာတ်လွန်ကဲလျှင် ကလေးဆီးချိုရောဂါ ဖြစ်လာစေနိုင်ဟုဆို

ကောင်းမြတ်သူ- ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇွန် ၂၄



သွေးအချိုဓာတ်လွန်ကဲသော ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ခန္ဓာကိုယ်အတွင်း သွေးအချိုဓာတ်ကို ထိန်းပေးသည့် အင်ဆူလင်ဓာတ်လျော့နည်းလာကာ ကိုယ်ဝန်ဆောင်ကလေးအတွက် ဆီးချိုရောဂါ အဆင့်-၂ ဖြစ်လာနိုင်ကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။

ဖော်ပြထား

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ထားစဉ် သွေးအချိုဓာတ် လွန်ကဲမှုနှင့် ကိုယ်ဝန်ဆောင်ထားသောကလေး အင်ဆူလင်ဓာတ်လျော့နည်းမှုတို့မှာ ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဆန်ဒီဂိုမြို့၌ ကျင်းပသော မိခင်နှင့်ကလေးဆိုင်ရာ အစည်းအဝေးတွင် ဖတ်ကြားသည့် သုတေသန စာတမ်းတစ်စောင်က ဖော်ပြထားသည်။

အင်ဆူလင်ဓာတ် လျော့နည်းကျဆင်းလာခြင်းသည် အမှန်တကယ် ဆီးချိုရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ ကလေးများ၏ ခန္ဓာကိုယ် အတွင်း အင်ဆူလင်လျော့နည်းသွားသဖြင့် အဝလွန်သောကလေး ဖြစ်လာနိုင်ကြောင်း ဘာမင်ဂမ်မြို့ရှိ အလာဘားမားတက္ကသိုလ်မှ သုတေသီများ၏ လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထားသည်။ အဆိုပါတက္ကသိုလ်မှ ဒေါက်တာ ချန်ဒလာ လာနီနှင့် အဖွဲ့သည် အသက် ၅နှစ်မှ ၁၀ နှစ်အတွင်းရှိကလေးငယ် ၂၁ ဦးအား လေ့လာခဲ့ရာမှ အထက်ဖော်ပြပါအချက်ကို သိရှိခဲ့ရခြင်းဖြစ်သည်။

အင်တာနက်

မှုးယစ်ကင်းဖို့ တိုက်ဖျက်စို့

* ဘိန်းဖြူခေါ် နံပါတ်ဖိုး
ဆိုးကျိုးက ကြောက်စရာ
သတိချပ်ပါ
မူးယစ်ဆေးစုံစွာ
အန္တရာယ် လွန်စွာများ။
သုံးမိလျှင်တုံးလိမ့်ဘဝ
ဝေးကရှောင်ရှား။
* ဘိန်းဖြူကိုဓာတုကဲ
အမည်ကွဲမျိုးများစွာ
မူးယစ်ဆေးသာ၊
ဆိုးကျိုးကအတူပါ။
ဘယ်ဟာမှမကောင်း၊
သုံးစွဲလျှင် ခန္ဓာချုံးလို့
အသက်ဆုံးကြောင်း။
* ဘုံရန်သူမူးယစ်ဆေး
အမျိုးသားရေးအတွက် ဆန့်ကျင်ကာ
တားဆီးကြပါ၊
ဒို့နေတဲ့ကမ္ဘာ
မူးယစ်ဘယာ ကင်းစေဖို့။
စိတ်ချင်းတူ ညီညာစွာဖြင့်
ပူးပေါင်းကာ လက်ချင်းယှက်
တိုက်ဖျက်ကြစို့။ ။

ကိုရွှေရွှေ(ဒဂုံတောင်)

ငှုလိုင်လထုတ် တေဇရုပ်စုံ စာစောင်ထွက်ရှိ

ရန်ကုန် ဇွန် ၂၄

အမက(၁) ဗဟန်းကျောင်းသား ကျောင်းသူလေးများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ရှားမှု မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မန်းတင့်မော်၊ လွင်ချမ်းဖြိုး(နတ်မောက်) တို့၏ ကဗျာများ၊ ရွှေကိုဦး၊ မြေဇာ၊ ကျော်ထွဏ်း၊ မောင်မောင်ညွှက်၊ ဒစ်ဂျစ်တယ်၊ ဖေစန်းတို့၏ တေဇတို့အရွယ်ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ သက်နှင်းစု၏ ပုံပြင်ရှည်၊ Waddi Oo ၏ English for Tayza ကဏ္ဍ၊ စိုးဆက်၏ အဖြေညီစရာ ပဟေဠိပါ၊ ကလေးတို့၏အရေး၊ ကလေးတို့၏ အတွေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်။

တေဇရုပ်စုံစာစောင်ကို အမှတ် ၁၈၁ (၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တူရကီသမ္မတ အဗ္ဗဒူဂေးလ်

အရှေ့တောင်ဥရောပ ထိပ်သီးအစည်းအဝေး အစ္စတန်ဘူလ်၌ ကျင်းပ

အစ္စတန်ဘူလ် ဇွန် ၂၄

အရှေ့တောင်ဥရောပနိုင်ငံများ၏ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ညီလာခံကို ဇွန် ၂၃ရက်တွင် အစ္စတန်ဘူလ်မြို့၌ ကျင်းပရာ ၁၁နိုင်ငံမှ အကြီးအကဲများ တက်ရောက်ကြသည်။

အရှေ့တောင်ဥရောပ ပူးပေါင်းမှုလုပ်ငန်းစဉ်(အက်စ်အီးအီးစီပီ) အစည်းအဝေး၌ တူရကီသမ္မတ အဗ္ဗဒူဂေးလ်က အိမ်ရှင်အဖြစ် လက်ခံတွေ့ဆုံမည်ဖြစ်သည်။

တက်ရောက်

အဆိုပါညီလာခံ၌ အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဥရောပအိမ်နီးချင်း မူဝါဒဆိုင်ရာနှင့် ဥရောပသမဂ္ဂအဖွဲ့မှ မင်းကြီးစတီဖင်ဖူလ်၊ ယူအင်န်အီးအက်စ်စီအိုမှ ကိုယ်စားလှယ်များနှင့် ပင်လယ်နက် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြောကြား

ယင်းညီလာခံဖွင့်ပွဲ အခမ်းအနား၌ ဆလိုဗေးနီးယားနိုင်ငံကို အက်စ်အီးအီးစီပီ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရန် ထောက်ခံပြီး ၎င်းနိုင်ငံကို အခြားသော ဒေသတွင်းနိုင်ငံများနှင့် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်ရေးကို ဆလိုဗေးနီးယားနိုင်ငံ အကြီးအကဲက ထည့်သွင်းပြောကြားသွားသည်။

ဆွေးနွေး

ကမ္ဘာလုံးဆိုင်ရာ ဒေသတွင်းပူးပေါင်းမှု၊ အင်အားကြီးနိုင်ငံများ အပါအဝင် အက်စ်အီးအီးစီပီ အရှေ့တောင် ဥရောပနိုင်ငံများ၏ လုံခြုံရေးနှင့် နိုင်ငံရေးရာများ၊ စီးပွားရေးအကျိုးတူ အပြန်အလှန်ဆက်ဆံရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာတို့ကို ဆွေးနွေးကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၊ ပြင်သစ်နှင့် စင်ကာပူသုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်

စင်ကာပူ ဇွန် ၂၄

အိန္ဒိယ၊ ပြင်သစ်နှင့် စင်ကာပူလေတပ်တို့ ပူးပေါင်းပါဝင်၍ ပထမအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးက ဇွန် ၂၃ရက်တွင် ပြောကြားခဲ့သည်။

ပူးတွဲလေ့ကျင့်

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဇွန် ၁၄ရက်မှ ၂၅ရက်အထိပြုလုပ်သွားမည်ဖြစ်ပြီး ပြင်သစ်နိုင်ငံမှ အခြေခံလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ ၎င်းလေ့ကျင့်မှု ပြုလုပ်ရာတွင် အိန္ဒိယနိုင်ငံ၏ အယ်လ်ယူရှင်း အိုင်တီ-၇၆ ပို့ဆောင်ရေးယာဉ်၊ အယ်လ်ယူရှင်း အိုင်တီ-၇၆ဖုံးကြဲလေယာဉ်နှင့် ဆူဟာ-၃၀တိုက်လေယာဉ်တို့ပါဝင်ကာ ပြင်သစ်နိုင်ငံ၏ စီ- ၁၃၅က ပို့ဆောင်ရေးယာဉ်၊ ဝရက်ဖေတိုက်လေယာဉ်နှင့် မင်ဂါ-၂၀၀တို့ပါဝင်၍ စင်ကာပူနိုင်ငံမှ ကေစီ-၁၃၅အာရ် ဖုံးကြဲလေယာဉ်တစ်စင်း၊ ဂျက်တိုက်လေယာဉ်နှင့် အက်ဖ်-၁၆ဒီ ခြောက်စင်းတို့ ပါဝင်ပူးတွဲလေ့ကျင့်ခဲ့ကြသည်။ စင်ကာပူနိုင်ငံမှာ လေယာဉ်အချင်းချင်း လောင်စာအပြည့်တင်မှုများ ပါဝင်ပြသခဲ့ပြီး အရေးကြီးသည့် ကာကွယ်ရေးလုပ်ငန်းများနှင့် လေယာဉ်အနီးကပ်တိုက်ခိုက်မှုကို ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်ရှိ ဩစတြေးလျတပ်ဖွဲ့ဝင်များ ၂၀၁၂ခုနှစ်အတွင်း ပြန်လည်ရုပ်သိမ်းဖွယ်ရှိ

ကင်ဘာရာ ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်စွဲထားသော ဩစတြေးလျတပ်ဖွဲ့ဝင်များအား နှစ်နှစ်အတွင်း ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးက ဇွန် ၂၃ရက်၌ ပြောကြားလိုက်သည်။

ပေးအပ်

အာဖဂန်နစ္စတန်နိုင်ငံတွင် ဩစတြေးလျလေ့ကျင့်ရေးတပ်ဖွဲ့သည် ဥရုဂန်ပြည်နယ်ရှိ အမှတ်(၄) အာဖဂန်အမျိုးသားတပ်ကို စစ်ပညာများ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ မကြာမီအချိန်က တာဝန်များပြီးဆုံးသွားပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါတပ်ကို လုံခြုံရေးတာဝန်များ ပေးအပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖော်ပြ

အာဖဂန်နစ္စတန်နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် မူတည်၍ နှစ်နှစ်မှ လေးနှစ်အတွင်း ဥရုဂန်ပြည်နယ်ရှိ အာဖဂန်အမျိုးသားတပ်အား လုံခြုံရေးတာဝန်များ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ အကြီးအကဲ အန်ဂတ်စ်ဟော့စတန်က အကြံပေးထားသည်ကို ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရေနံများပန်းထွက်

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံစင်ပေါက်ကွဲမှုဖြစ်ပွားရာအရပ်၌ ရေနံများ ပန်းထွက်လျက်ရှိနေသည်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တောမီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အနီးမှ ပြည်နယ် ငါးပြည်နယ်သို့ တောမီးကူးစက် လောင်ကျွမ်းမှု ဖြစ်ပွားနေသည်ကို ဇွန်၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လေကြောင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအတွက် ဩစတြေးလျအစိုးရ ဥပဒေမူကြမ်းသစ်ရေးဆွဲ

ကင်ဘာရာ ဇွန် ၂၄

လေယာဉ်လုံခြုံရေး အန္တရာယ်ဖြစ်စေမှုများ အပါအဝင် လေကြောင်းပျံသန်းရေးဆိုင်ရာ ရာဇဝတ်မှုများအတွက် ဖုံးဖောက်ခွဲမည်ဟု လိမ်ညာပြောကြားမှုကို ပြစ်ဒဏ်ပေးသည့်လုပ်ရပ်အဖြစ် ဩစတြေးလျမူကြမ်းဥပဒေသစ်တွင် ထည့်သွင်းရေးဆွဲထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇွန် ၂၃ရက်တွင် ပြောကြားသည်။

တင်သွင်း

ယင်းဥပဒေမူကြမ်းတွင် လေယာဉ်အပိုင်စီးမှုနှင့် လေယာဉ်များဖျက်ဆီးရာတွင် ပါဝင်သူများအား တစ်သက်တစ်ကျွန်းပြစ်ဒဏ်ပေးမည်ဖြစ်ကြောင်း ယင်းဥပဒေကို ပြည်ထဲရေးဝန်ကြီး အိုကွန်နားက ပါလီမန်သို့ ဇွန် ၂၃ရက်တွင် တင်သွင်းခဲ့သည်။

တွေ့ရှိ

ရှေ့နေချုပ်ရုံးက လေကြောင်းပျံသန်းမှုဆိုင်ရာ ပြစ်မှုဥပဒေများကို ပြန်လှန်သုံးသပ်ကြည့်ရာတွင် အချို့သော ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်မှုသည် ပြစ်မှု၏ အရေးပါမှုနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသည်ကို တွေ့ရှိရသည်ဟု အိုကွန်နားက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

နျူကလီးယားစွမ်းအင် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဗီယက်နမ် စီမံကိန်းဖြင့် အကောင်အထည်ဖော်

ဟန္နိုင်း ဇွန် ၂၄

ဗီယက်နမ်အစိုးရသည် နျူကလီးယားစွမ်းအင်စက်ရုံများမှ စွမ်းအင်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟု ဆင်ဟွာသတင်း၌ ဇွန် ၂၃ရက်က ဖော်ပြသည်။

ဗီယက်နမ်အစိုးရအနေဖြင့် ၂၀၃၀ခုနှစ်အတွင်း စွမ်းအင်စုစုပေါင်းမဂ္ဂါဝပ် ၁၅၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်မှန်း အကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါ စီမံကိန်းနှင့် စပ်လျဉ်းသည့် အဆိုပြုချက်ကို ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက တင်သွင်း အဆိုပြုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

စီစဉ်ထား

ဗီယက်နမ်နိုင်ငံ၏ နျူကလီးယား စွမ်းအင်တိုးတက်ရေးအစီအစဉ်၌ အဆင့်သုံးဆင့်ပါဝင်ပြီး ၂၀၁၅ခုနှစ်အတွင်း နာသူအန်ပြည်နယ်အလယ်ပိုင်း၌ ပထမဆုံး နျူကလီးယား စွမ်းအင်စက်ရုံ တည်ဆောက်ရန်နှင့် ၂၀၂၀ခုနှစ်တွင် ယင်းစက်ရုံကို စတင်လည်ပတ်ရန် စီစဉ်ထားသည်။ ၂၀၂၀ ခုနှစ်မှ ၂၀၃၀ခုနှစ်အတွင်း နိုင်ငံအလယ်ပိုင်းရှိပြည်နယ်များ၌ အခြားနျူကလီးယား စွမ်းအင်စက်ရုံများ တည်ဆောက်သွားရန်လည်း ဗီယက်နမ်အစိုးရက စီစဉ်လျက်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ စင်ကျန်းယုဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ၎င်းနိုင်ငံ၏ အခြားသောဒေသများသို့ ကီလိုမီတာ ၁၇၈၀ ရှည်သည့် ဓာတ်အားလိုင်း သွယ်တန်းမည့်စီမံကိန်းလုပ်ငန်းခွင်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်နျူကလီးယားအစီအစဉ် ထောက်လှမ်းရန် အစ္စရေးထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်

တဲလ်အဗစ် ဇွန် ၂၄

အစ္စရေး အစိုးရအနေဖြင့် တောင်ပိုင်းရှိ ပါမာချမ်စစ်အခြေစိုက်စခန်းမှ ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံး ထပ်မံလွှတ်တင်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၃ရက်က ဖော်ပြသည်။

အီရန်၏ နျူကလီးယားဆောင်ရွက်ချက်များကို စုံစမ်းထောက်လှမ်းရန် အဆိုပါ ဟော်ရီဇွန်-၉ ဂြိုဟ်တုကို လွှတ်တင်ခြင်းဖြစ်သည်ဟု အစ္စရေး နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာသတင်းဌာနက ထုတ်လွှင့်သည်။

သို့ရာတွင် ယင်းဂြိုဟ်တုနှင့် စပ်လျဉ်းသည့် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ယင်းဟော်ရီဇွန်-၉ ဂြိုဟ်တုကို ရှာဗစ်ဒုံးကျည်ဖြင့်တွဲ၍ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့် ပုံရိပ်နည်းပညာဖြင့် လိုအပ်သည့်ရုပ်ပုံများကို အကောင်းဆုံးရယူနိုင်မည်ဟု မျှော်လင့်ကြောင်း အစ္စရေးစစ်ဘက်အာကာသအစီအစဉ်မှ ညွှန်ကြားရေးမှူး ချာအမ်းအီရှစ်က ပြောကြားသည်။

(အင်တာနက်)

နှစ်နိုင်ငံရေပိုင်နက် အငြင်းပွားမှု အင်ဒိုနီးရှားနှင့် မလေးရှားလက်တွဲဖြေရှင်းမည်

ဂျကာတာ ဇွန် ၂၄

အင်ဒိုနီးရှားအစိုးရနှင့် မလေးရှားအစိုးရတို့သည် အငြင်းပွားလျက်ရှိသော နှစ်နိုင်ငံနယ်နိမိတ်ပြဿနာနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးဖြေရှင်းရန် သဘောတူညီခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဇွန် ၂၃ရက်က ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အင်ဒိုနီးရှားနိုင်ငံ ခါလီမန်တန်မြို့ အရှေ့ဘက်ကမ်းလွန်ရှိ အမ်ဘာလက်ရေပြင်ပိုင်နက်အတွင်း နယ်နိမိတ်အငြင်းပွားမှုပြဿနာများဖြင့် ရင်ဆိုင်နေရသော်လည်း ပူးတွဲကော်မရှင်ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်ကြရန် နှစ်နိုင်ငံအစိုးရများက သဘောတူညီခဲ့ကြသည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တီကုဖရီဇာရက်က ထုတ်ဖော်ပြောကြားသည်။

စီစဉ်ထား

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာကုမ္ပဏီများအနေဖြင့် နိုဝင်ဘာလအထိ လုပ်ငန်းဆက်လက်ဆောင်ရွက်ကာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားရန် စီစဉ်ထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ



မောင်ချစ်ကြည် - စုစည်းသည်

တရုတ်သမ္မတ ကနေဒါသို့ ခရီးထွက်ခွာ

တရုတ်သမ္မတဟူကျင်ထောင်းသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကနေဒါနိုင်ငံသို့ ဇွန် ၂၄ ရက်က ထွက်ခွာသွားကြောင်း၊ ကနေဒါနိုင်ငံတိုရွန်တိုမြို့၌ ဇွန် ၂၆ရက်မှ ၂၇ရက်အထိ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းတို့အားဖမ်းဆီး

ပါလက်စတိုင်း အနောက်ဘက်ကမ်းခြေရှိ ရာမာလာမြို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၄ ရက်၌ နေအိမ်များကိုဝင်စီးကာ သံသယရှိသည့် ပါလက်စတိုင်းတို့အား ဖမ်းဆီးသွားခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနှင့်အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်

အင်ဒိုနီးရှားနှင့် အမေရိကန်ရေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ကမ်းလွန်ရေပြင်၌ ဇွန် ၂၄ ရက်က ပြုလုပ်ကြကြောင်း အင်ဒိုနီးရှားရေတပ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့စျေးကွက်၌ အမေရိကန်ဒေါ်လာစျေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးစျေးကွက်၌ ဇွန် ၂၄ရက်တွင် ဂျပန်ယန်းငွေ၉၀ လျှင် အမေရိကန် တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားက မြောက်ကိုရီးယားသို့ အကူအညီပေးမည်

မြောက်ကိုရီးယားနိုင်ငံရှိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် စားနပ်ရိက္ခာနှင့်ဆေးဝါးများကို တောင်ကိုရီးယားနိုင်ငံက လူမှုရေးအကူအညီပေးမှုအဖြစ် ပေးပို့မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဇွန်၂၄ရက်၌ ပြောကြားသည်။

ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များ အာဖဂန်သို့ပေးပို့မည်

အာဖဂန်နစ္စတန်နိုင်ငံသို့ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၆၅ ဦးကို ထပ်မံပေးပို့မည်ဖြစ်ကြောင်း၊ ထိုသို့ပေးပို့ပါက အာဖဂန်နစ္စတန်တွင် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၅၂၂ဦးရှိမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားစစ်ဘက်မှ ဇွန် ၂၄ ရက်၌ ပြောကြားသည်။

မလေးရှား၌ လူမှောင်ခိုမှုများနှိမ်နင်းခဲ့

မလေးရှားနိုင်ငံတစ်ဝန်းတွင် ၂၀၀၈ ခုနှစ်မှ ယခုနှစ်အထိ နှစ်နှစ်ခွဲကာလအတွင်း လူမှောင်ခိုကူးမှုမှ လူ ၂၇၀၀ကို ကယ်တင်နိုင်ခဲ့ကြောင်း၊ လူမှောင်ခိုကူးသူ ၃၁၆ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း မလေးရှားနိုင်ငံက ဇွန် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်တောင်ပိုင်းကမ်းလွန်၌ ငါးဖမ်းသင်္ဘော ဖမ်းဆီးခံရ

တရုတ်နိုင်ငံတောင်ပိုင်း ကမ်းလွန်တွင် တရုတ်ငါးဖမ်းသင်္ဘောတစ်စင်း ဇွန် ၂၄ ရက်၌ ဖမ်းဆီးခံခဲ့ရကြောင်း၊ အင်ဒိုနီးရှားကင်းလှည့်ရေယာဉ်များက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်အရှေ့မြောက်ပိုင်း၌ ရေလွှမ်း

ဘင်္ဂလားဒေ့ရှ်အရှေ့မြောက်ပိုင်း၌ ဇွန် ၂၄ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စိုက်ခင်းများစွာပျက်စီးပြီး ဒေသခံ ၇၅၃၅၈၀ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဇွန် ၂၄ ရက်က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အီရန်က ဂါဇာသို့ ထောက်ပံ့ရေးသင်္ဘောစေလွှတ်မည်

အီရန်နိုင်ငံက ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ပံ့မှုအရ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ တန် ၁၁၀၀ ခန့် တင်ဆောင်နိုင်သည့် သင်္ဘောတစ်စင်းကို လာမည့်သီတင်းပတ်အတွင်း စေလွှတ်မည်ဖြစ်ကြောင်း အီရန်အရာရှိများက ဇွန် ၂၄ ရက်၌ပြောကြားသည်။ **(အင်တာနက်)**

အင်္ဂလိပ်စာဒီပလိုမာသင်တန်းသားများ အာစရိယပူဇော်

မန္တလေး ဇွန် ၂၄

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်)မှ ကြီးမှူးဖွင့်လှစ်သော Diploma in English Course, Basic Level (No. 22), Intermediate Level(No.20) နှင့် Advanced Level (No.16) သင်တန်း သား၊ သင်တန်းသူများ၏ အာစရိယပူဇော်ပွဲကို ဇွန်၁၂ရက်နံနက် ၁၁နာရီခွဲက သီရိရတနာခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှင်းလင်း

ရှေးဦးစွာ Advanced Level (No. 16) မှ မမာမာအေးက အာစရိယပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ၍ မောင်နိုင်ထွန်းဝင်း ဦးဆောင်သော သင်တန်းသား သင်တန်းသူများက ဆရာ ဆရာမများအား ကန်တော့ကြကာ ဂါရဝလက်ဆောင် ပစ္စည်းများ ပေးအပ်ကြသည်။

ပြောကြား

ဆက်လက်၍ တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဇော်လင်းနှင့် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဦးတို့က ဩဝါဒစကားများ ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ စဉ့်ကိုင်၌ကျင်းပ

စဉ့်ကိုင် ဇွန် ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်)၏ အစီအစဉ်ဖြင့် ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၃ ရက် ညနေ ၄ နာရီက စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာ၌ ကျင်းပသည်။

စည်းကမ်းချက်များ

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကား ပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကျောက်ဆည်)မှ ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများ၊ မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှု လျော့နည်းစေရေးအတွက် သတိပြုလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်တင်စိုးက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မတော်တဆဖြစ်စဉ်များနှင့် လိုက်နာရမည့် စည်းကမ်းများ၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ရုံး(ကျောက်ဆည်)မှ ဦးစီးမှူး ဒေါ်အေးအေးမာက လုပ်ငန်းလိုင်စင်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၂၀၀ကျော် တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

လမ်းမတော်မြို့နယ် လမ်းမတော်ပလာဇာ အမှတ် ၅နေ ဒေါက်တာသိန်းအောင်-မလင်မီးဝါ၊ သား မောင်ရဲမင်းအောင်၊ မောင်ဝင်းဖြိုးအောင်(ဦးထုံရွှေဆိုင်)မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဒေါက်တာဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့က လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်မြှင့်မားရေးသင်တန်းဖွင့်

ရွာင် ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရွာငံမြို့နယ်တွင် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မေ ၅ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်စွာရဲက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(မြို့နယ် ပြန်/ဆက်)**

မော်ကျွန်း ထိယာလိကျေးရွာ အလကကျောင်းဆောင်သစ်ဖွင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၂၄

မော်လမြိုင်ကျွန်းမြို့နယ် ထိယာလိကျေးရွာ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းဆောင်သစ်ကို အလှူရှင် ဂျပန်နိုင်ငံမှ နယ်စည်းမခြား ကူညီထောက်ပံ့ရေးအဖွဲ့၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော (ပေ၄၀×ပေ၃၀×၁၂ပေ)ရှိ ကျောင်းဆောင်သစ် သုံးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်နံနက် ၁၁ နာရီခွဲက ထိယာလိကျေးရွာတွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံမှူးကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးဆိုင်ရာ မှတ်တမ်းစီဒီကို ဘီအေရျေမြန်မာပြည်ဌာနေကိုယ်စားလှယ် မစ္စတာဆူကာမူရာက ကျောင်းအုပ်ကြီး ဦးတင်သိန်းထံ လွှဲပြောင်းပေးအပ်သည်။

(အောက်ပုံ) (၁၄၂)

ဇွန် ၁၀ရက်က မြစ်ကြီးနားမြို့ မြို့မစျေးကြီး မီးဘေးလုံခြုံရေးကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ စျေးအတွင်း မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးနိုင်က ရှင်းလင်းတင်ပြစဉ်။
(ပြည်နယ်စည်ပင်)

တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဒိုင်း ရပ်ကွက်၊ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်

တောင်ကြီး ဇွန် ၂၄

၂၀၁၀ခုနှစ် တောင်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ရက် မွန်းလွဲ၁နာရီက တောင်ကြီးမြို့ အမှတ်(၁၂) ဆက်သွယ်ရေးဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီး တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်လတ်က အဖွင့်အမှာစကား ပြောကြားကာ ဘောလုံးကို ကွင်းအတွင်း ကန်သွင်း၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ပြိုင်ပွဲကိုဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်တွင် မြို့မ(က)အသင်းက မြို့မ(ခ)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ကျောင်းကြီးစုအသင်းက စိန်ပန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ ပြိုင်ပွဲသို့အသင်းပေါင်း ၄၃သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(မြို့နယ် အား/ကာ)**

ဒုတိယဝန်ကြီး ဦးညာဏ်ထွန်းအောင်အား ယူကရိန်းနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညာဏ်ထွန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Markiian Chuchuk နှင့် အဖွဲ့သည် ယမန်နေ့မွန်းတည့် ၁၂နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ)ဦးတင်ငွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မွေးမြူရေးခြံများ

ဝန်ကြီး ဦးမောင်မောင်သိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်သိမ်းသည် ဇွန် ၂၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ဇီးပင်ကြီးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ် ကြက်မွေးမြူရေးခြံသို့ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် ခြံမန်နေဂျာ ဒေါက်တာငွေးဇော်ဦးတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် မိမိဌာနမှထုတ်လုပ်သော အသားတိုးကြက်မျိုး၏ အရည်အသွေး ပြန်လည်မြှင့်တင်ရန်၊ အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သွားရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဝက်ဝံ-တောင်ခမ်းကားလမ်းပေါ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း တောင်ခမ်း မျိုးထိန်းမျိုးပွားကြက်မွေးမြူရေးခြံနှင့် ကျောက်မဲစိုက်ပျိုးမွေးမြူရေးဇုန်ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမောင်ထွန်း၏ စိမ်းလန်းမြေကုမ္ပဏီလီမိတက် လက်ဖက်ပျိုးဥယျာဉ်တို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ နားဖရှာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံ၌ စိုက်ပျိုးထားသော တိရစ္ဆာန်အဆင့်မြင့်အစာဖြစ်သည့် မာကာမြက်မျိုးစိုက်ခင်း၊ ဝက်ငယ်ရုံ၊ မျိုးဝက်ရုံ၊ ဝက်သားခွဲရုံနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နားလျှံ အသားတိုးဝက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ စိန်ဝတ်မှုန်ကုမ္ပဏီ ဒေသမျိုး ဇစ်ဇက်စိုက် လက်ဖက်စိုက်ခင်းကို လည်းကောင်း၊ ကုန်းမြင့်ယာမြေဧက ၅၀၀၀ စီမံကိန်း၌ လက်ဖက်နှင့် ရော်ဘာစိုက်ပျိုးမည့် အခြေအနေများကို လည်းကောင်း၊ လူငယ်အားမာန်နှင့် စိန်ဝတ်မှုန်ကုမ္ပဏီ လီမိတက် ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေး စီမံကိန်း၌ ရော်ဘာစိုက်ပျိုးနိုင်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဦးမောင်မောင်သိမ်းတို့သည် ဇွန် ၂၁ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ ဂျန်ဘိုနွားစာမြက်စိုက်ခင်း၊ ဖရီရှန်နို့စားနွားမွေးမြူရေးခြံနှင့် တိုင်းစစ်ဌာနချုပ် HI-Y မိဘမျိုးရင်းကြက်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မန္တလေးတိုင်း ထုံးဘိုရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံနှင့် အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးမွေးမြူရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းဘေးဝဲယာ

ကျွန်းစိုက်ခင်းများစိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီတွင် စိုက်ပျိုးထားသော တစ်အုပ်တစ်မကျွန်းစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

စိုက်ပျိုးထား

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် ၂၀၀၉-၂၀၁၀ခုနှစ် မိုးရာသီ၌ ကျွန်းပင်ပေါင်း၁၀၀၀၀၊ ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီတွင် ကျွန်းပင်ပေါင်း ၅၀၀၀နှင့် ယူကလစ်ပင်များကို စိုက်ပျိုးပြီးဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၄

၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲကို ***ကမ္ဘာတစ်လွှား ဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ*** *ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို* ***မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ*** *ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်-*

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ပထမ ဒေါက်တာစုစုခိုင်၊ ဒုတိယ ဦးတင်ထွန်း(ချယ်ရီမြေမောင်တင်ထွန်း)၊ တတိယဒေါ်အေးအေးမြတ်(အေးအေးမြတ်-နိုင်ငံခြားဘာသာတက္ကသိုလ်) တို့က ရရှိကြပြီး အထူးဆုများကို ဦးထိန်လင်း(လင်းအရှဏ်ဦး-ပဲခူး)၊ ဗိုလ်ချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ)၊ ဦးသန်းနိုင်(လဝန်းချို)၊ မဆုဇင်ဇင်စိုး (မဆုဇင်ဇင်စိုး-ပုသိမ်)နှင့် မောင်အာကာစိုးပိုင်တို့က ရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ A.K.MOE (သတ္တဗေဒ)၊ ဒုတိယ ဦးကိုကိုခိုင် (IPRD)နှင့် တတိယ လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)တို့ ရရှိကြသည်။ အထူးဆုများကို ထွန်းထွန်းအေး၊ ဦးသန်းဝေ (တောင်ကြီး)၊ အောင်ငွေးလှိုင်၊ လမင်းနိုင်(သီလဝ)နှင့် စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)တို့က ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအနက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သူများအား မိမိတို့၏ ပြည်နယ်/တိုင်းအသီးသီးတွင် ကျင်းပပြုလုပ်မည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်သွယ်သတင်းပို့

ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် ၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂၈သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ၂၀၁၀ ခုနှစ် ဇွန် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ

သုံးခွမြို့နယ် ဖရုံကန်ကျေးရွာ၌ကျင်းပ

သုံးခွ ဇွန် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖရုံကန်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက်က ယင်းကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ပြောကြား

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ရန်ကုန်မြို့နေ ဦးစောလှိုင်နှင့် ဇနီးဒေါ်ခင်ညိုသင်း (လှကမ္ဘာပရိဘောဂမိသားစု)တို့က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိသော ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေးကောက်ပွဲဆိုင်ရာသင်တန်း နေပြည်တော် လယ်ဝေး၌ဖွင့်

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက နေပြည်တော် လယ်ဝေးရှိ သာသနာ့ဗိမာန်တွင် ကျင်းပရာ နေပြည်တော်ခရိုင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နေပြည်တော်လယ်ဝေး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား နယ်မြေခွဲဝေတာဝန်ပေးမှု အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို ဇွန် ၁၉ ရက်မှ ၂၀ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု(၆၅)အုပ်စုမှ သင်တန်းသား ၉၂၂ဦး တက်ရောက်ကြသည်။ **(ဝ၈၃)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ သင့်အတွက်မနက်ဖြန်

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေဘဝဲများအကြောင်း** (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) ပေါ်တူဂီ နှင့် ဘရာဇီး**

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၀၁း၀၀ ၁။ **၂၀၁၀ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ (Live) ချီလီ နှင့် စပိန်**

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၄

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းမြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ဂျပန်နိုင်ငံအစိုးရ Official Development Assistance တို့က နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသည့် ကျေးလက်ဒေသများ၌ အသစ်တည်ဆောက်ထားသည့် ကျေးလက်ကျန်းမာရေးဌာန အသစ်(၂၄)ခု လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၄

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေးလုပ်ငန်းအဖွဲ့တွဲဖက် အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်မြင့်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးကြည်သန်းတို့က အသိပညာပေး အစီအစဉ်များကို ဟောပြောကြသည်။

(သတင်းစဉ်)

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကျေးလက်ဒေသ၌ ကျေးလက်ကျန်းမာရေး ဌာနအသစ်(၂၄)ခု လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၄

ကျန်းမာရေးဝန်ကြီးဌာနသို့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)နှင့် ဂျပန်နိုင်ငံအစိုးရ Official Development Assistance တို့က နာဂစ်မုန်တိုင်း ဒဏ်ခံခဲ့ရသည့် ကျေးလက်ဒေသများ၌ အသစ်တည်ဆောက်ထားသည့် ကျေးလက်ကျန်းမာရေးဌာန အသစ်(၂၄)ခု လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား (Handover of 24 newly reconstructed Rural Health Facilities to Ministry of Health) ကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Mitsuji Suzuka နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shresthaတို့က လှူဒါန်းရခြင်း အကြောင်းကို ပြောကြားကြသည်။

ရုပ်သိမ်း

ယင်းနောက် Mr. Ramesh Shrestha က အသစ်ဆောက်လုပ်ပြီးစီးသည့် ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၁)ခုတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆောက်လုပ်လွှဲပြောင်း

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနများသည် နာဂစ်မုန်တိုင်းကြောင့် သက်ရောက်မှုများကို ပြန်လည်ထူထောင်သည့် နေရာတွင် အထောက်အပံ့ပေးရုံသာမက ရေရှည်တွင် ရောဂါဘယဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း လျော့ချမှုကို အထောက်အကူပေးနိုင်ရန် ဆောက်လုပ်လွှဲပြောင်း ပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သီပေါမြို့ မြို့လယ်ချောင်းကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းနုန်းများ၊ အမှိုက်သရိုက်များ ဆယ်ယူခြင်းကို ဝန်ထမ်းများဆောင်ရွက်လျက်ရှိရာ ဇွန်၁၀ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

သာပေါင်း ဇွန် ၂၄

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန် ၁၁ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုလေးက အမှာစကားပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ပုသိမ်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဖေ၊ ခရိုင်အဖွဲ့ဝင်ဦးရဲညွှန့်တို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းများကို ဆွေးနွေးပို့ချသည်။

တက်ရောက်

သင်တန်းသို့ သာပေါင်းမြို့နယ် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ၆၇ခုတို့မှ သင်တန်းသား ၂၈၀တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် တပ်ကုန်းမြို့နယ် မြို့မဈေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၂၁ရက်က မြို့မဈေးမွှာရုံး၌ ကျင်းပရာ အသင်းသားများ၏ သားသမီးများ ဖြစ်ကြသော အခြေခံပညာအထက်တန်းအောင် ကျောင်းသား ကျောင်းသူ ငါးဦးအား အသင်းမှ ပညာသင်ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ စီကို မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးကျော်ဝင်းက ပေးအပ်ချီးမြှင့်စဉ်။ (ဝ၉၁)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇွန် ၂၄

ကလေးကျန်းမာရေးဘာသာသစ်လောင်းသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့မှကြီးမှူး၍ Guidelines for Improving Patient's Safety ခေါင်းစဉ်ဖြင့် ဘာသာသစ်လောင်း သင်တန်းကို ဇွန် ၂၆ ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး စာသင်ဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ကာယဗလပြိုင်ပွဲ ကျင်းပမည်

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများရှိ ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်(အကြီးတန်း)ပြိုင်ပွဲကို မန္တလေးမြို့တော်ခန်းမ၌ ဇွန်၂၇ရက်နှင့် ၂၈ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများနှင့် ပညာသင်ယူရန် အခက်တွေ့နေသူများအတွက် တနင်္ဂနွေနေ့တစ်ရက်တည်း တက်ရသော အခမဲ့စာရင်းကိုင်သင်တန်းကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့)မှစ၍ တန်းခွဲနှစ်ခုဖြင့် သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ကုန်းလမ်းပို့ဆောင်ရေးမှ အခြေခံယာဉ်မောင်းသင်တန်းဖွင့်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(၃) မရမ်းကုန်းမှ အခြေခံယာဉ်မောင်းသင်တန်းကို ဇူလိုင် ၅ရက်နှင့် စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ဇူလိုင် ၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၆၆၀၈၅၁ သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)ဘွဲ့ရများပြန်လည်တွေ့ဆုံပွဲ

စီးပွားရေး တက္ကသိုလ်(ရန်ကုန်)မှ ၁၉၇၃-၁၉၇၄ ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲကို ဇူလိုင်၁၀ရက်(စနေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း စာရင်းစစ်သင်တန်းကျောင်းအနီးရှိ Western Park(2) ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအား တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မြန်မာနိုင်ငံ ဗိသုကာအသင်း နှစ်ပတ်လည်ကျင်းပမည်

မြန်မာနိုင်ငံဗိသုကာအသင်း၏ နှစ်ပတ်လည်ညီလာခံကို ဇွန် ၂၆ရက် (စနေနေ့) ညနေ ၃နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ (စတုတ္ထထပ်) လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၇၂၃၁၀၄ နှင့် ၀၉-၅၁၁၅၆၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ကြက်တောင်ဒိုင်လူကြီးသင်တန်းတက်ရောက်နိုင်

၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲ၌ ဒိုင်လူကြီးတာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ကြက်တောင်ဒိုင်လူကြီးသင်တန်းကို ဇူလိုင် ၃ရက်မှစ၍ စနေနှင့် တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁နာရီမှစ၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၂၁၄၉၆သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

ခြေလျင်နှင့် တောင်တက်အသင်း ရွှေရတုပွဲကျင်းပမည်

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် နှစ်(၅၀)ပြည့်ရွှေရတုနှင့် ၁၉၆၀-၁၉၆၁ ပညာသင်နှစ်က စတင်ဖွဲ့စည်းခဲ့သော ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း ရွှေရတုကိုဂုဏ်ပြုလျက် ကျောင်းသားဟောင်း မျိုးဆက်သစ်မိတ်ဆုံပွဲ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းခရီးစဉ်ပါဝင်ခဲ့သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခန်းမ၌ ဇွန် ၂၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇွန်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်းစစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဇွန် ၂၉ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

မိုင်းဆတ်လေဆိပ် လေယာဉ်ပြေးလမ်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းဆတ်လေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုင်းဆတ်လေဆိပ်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်း

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ရက် နံနက် ၉နာရီခွဲတွင် မိုင်းဆတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအားကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်းဆတ်လေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် တိုးချဲ့မည့်လုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မိုင်းဆတ်ပြည်သူ့ဆေးရုံ

ယင်းနောက် မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးသိုလှောင်ခန်းနှင့် ယာယီခွဲစိတ်ခန်း၊ ခွဲစိတ်ခန်း အသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

မှာကြား

ထိုမှတစ်ဆင့် ရေပူစမ်းရွာရှိ ရေပူစမ်း အပန်းဖြေစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အပန်းဖြေစခန်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် မိုင်းခုတ်မြို့နယ် ရှုခင်းသာကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မိုင်းခုတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လမ်းသားမြှင့်တင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းရှိ တည်ဆောက်ဆဲတံတားနှင့် လမ်းသားမြှင့်တင်မှု ဆောင်ရွက်ရမည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တိုင်းမှူးလိုက်ပါလျက် ဇွန် ၂၃ရက် နံနက် ၈နာရီခွဲတွင် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင်တိုင်အမှတ် (၂၂)ရှိ ဝမ်တာပုံတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများနှင့် မိုးရာသီ ချောင်းရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းနှင့် မိုင်းခတ်-မိုင်းညှင်းလမ်းတို့ရှိ တံတားများကြံ့ခိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းယန်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများနှင့်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းယန်းမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ဆေးရုံသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းခတ်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းနေမြဲ

နေပြည်တော် ဇွန် ၂၄

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၉၇ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၁လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ပူတာအိုမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီတို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

__ဇွန် ၂၅ရက် ညနေအထိခန့်မှန်းချက်မှာ__ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မုတ်သုံလေ အားကောင်းမည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဗီယက်နမ်တွင် ကျင်းပမည့် ယူ-၁၃ အာရှအမျိုးသမီးဘောလုံးပွဲတော် မြန်မာအမျိုးသမီးအသင်း သွားရောက်ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇွန် ၂၄

အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ကြီးမှူးကျင်းပမည့် AFC U-13 Girls Festival of Football 2010 ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇွန် ၂၉ရက်မှ ဇူလိုင် ၃ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယူ-၁၃ မြန်မာအမျိုးသမီးအသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ခဲ့

ယမန်နှစ်က AFC U-14 Girls Festival of Football 2009 ပြိုင်ပွဲကိုလည်းကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသို့ ဩစတြေးလျ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဂူအမ်၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူတို့နှင့်အတူ မြန်မာအသင်းလည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

AFC က ယခု ၂၀၁၀ခုနှစ် အမျိုးသမီးလူငယ်ဘောလုံးပွဲတော်ကို U-14 ပြိုင်ပွဲအစား U-13 ပြိုင်ပွဲအဖြစ် အလှည့်ကျ ပြောင်းလဲသတ်မှတ် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအပါအဝင် ယမန်နှစ်ကအသင်းအားလုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဟုလည်း သိရသည်။

ပြိုင်ပွဲပုံစံ

ယင်းဘောလုံးပွဲတော်မှာ ပြိုင်ပွဲဖြစ်သော်လည်း သီးခြားဆုချီးမြှင့်သည့်ပြိုင်ပွဲ မဟုတ်ဘဲ အာရှဒေသမှ ကျောင်းသားအရွယ် အမျိုးသမီးငယ်ဘောလုံးသမားလေးများ၏ ဘောလုံးအရည်အသွေး ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ ပါဝင်သည့် နိုင်ငံတိုင်း ကစားသမား စုစုပေါင်း ၂၂ဦး ပါဝင်ရပြီး ၁၁ဦးစီဖြင့် A နှင့် B နှစ်သင်းခွဲသတ်မှတ်ကာ ပတ်လည်အမှတ်ပေးစနစ်ဖြင့် နေ့စဉ် ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားရသည့် စနစ်ဖြစ်သည်။ ရမှတ်အပေါ် နိုင်ငံအလိုက် အဆင့်သတ်မှတ်ပေးသည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံမှာ တစ်ပိုင်းလျှင် မိနစ် ၃၀စီဖြင့် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံ Competition Format (1) တွင် A အသင်း သို့မဟုတ် B အသင်း တစ်သင်းသင်းဖြင့် မိနစ် ၃၀ကြာ ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး Format (2) တွင် A အသင်းက မိနစ် ၃၀ တစ်ပိုင်း၊ B အသင်းက မိနစ် ၃၀ တစ်ပိုင်း စုစုပေါင်း နှစ်ပိုင်းခွဲ၍ ယှဉ်ပြိုင်ကစားရသည်။ ပါဝင်သည့် ကစားသမား ၂၂ဦးစလုံး ကစားခွင့်ရစေရန် ရည်ရွယ်ကျင်းပသည့်ပြိုင်ပွဲပုံစံဖြစ်ပြီး မည်သည့်ပွဲတွင်မဆို မည်သည့်အကြောင်းနှင့်မျှ

ဆုရရှိသူများ

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းနှင့် HAN Events Management တို့ တာဝန်ယူကျင်းပသော ၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာဂေါက်သီးရိုက်အသင်းမှ Club Captain ဦးစိုးဝင်းက အမျိုးသားသက်ကြီးတန်း (Handicap ၀ မှ ၂၄) ပြိုင်ပွဲ၌ ရိုက်ချက် ၇၁ချက်ဖြင့် ပဉ္စမဆုရရှိသော ဦးစန်းလွင်၊ ရိုက်ချက် ၇၁ချက်ဖြင့် စတုတ္ထဆုရရှိသော ဦးကျော်လွင်၊ ရိုက်ချက် ၇၁ချက်ဖြင့် တတိယဆုရရှိသော ဦးအုန်းထွန်း၊ ရိုက်ချက် ၇၀ဖြင့် ဒုတိယဆုရရှိသော ဦးစိုးညွန့်နှင့် ရိုက်ချက် ၆၀ဖြင့် ပထမဆုရရှိသော ဦးဇော်သိန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က တစ်ဦးချင်းအကျော့ပေး (Handicap ၀ မှ ၁၈) ပြိုင်ပွဲတွင် ရိုက်ချက် ၇၀ဖြင့် ပဉ္စမဆုရရှိသော ကောင်းထက်ကျော်၊ ရိုက်ချက် ၇၀ဖြင့် စတုတ္ထဆုရရှိသော ထက်အောင်လှိုင်၊ ရိုက်ချက် ၆၇ချက်ဖြင့် တတိယဆုရရှိသော စွမ်းသီဟအောင်၊ ရိုက်ချက် ၆၇ချက်ဖြင့် ဒုတိယဆုရရှိသော သိန်းနိုင်စိုးနှင့် ရိုက်ချက် ၆၅ချက်ဖြင့် ပထမဆုရရှိသော ချစ်မင်းစံတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ

မြန်မာမြားပစ်အဖွဲ့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်

ရန်ကုန် ဇွန် ၂၄

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာ... (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေး အကြိုပြင်... မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေ... ၇နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အိုလံပစ်... ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်...

လိုက်ပါသွား

မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း (အမှုဆောင်၊ မြားပစ်အဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများအဖြစ် Compound အမျိုးသား-ရဲမင်းဆွေ၊ ချစ်ဝင်းရှိန်၊ ပိုင်မြတ်သူ၊ အောင်ခြိမ့်ဘော်၊ စောမြကျော်သူ၊ အမျိုးသမီး-အောင်ငိုမ်း၊ လှလှစံ၊ ယောစိမ်းယ၊ Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ အမျိုးသမီး-သင်းသင်းခိုင်၊ သဇင်အောင်၊ လိုင်းနိုင်းတို့ လိုက်ပါသွားကြသည်။

လေ့ကျင့်ပေး

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအပြင်

...ရှအမျိုးသမီးဘောလုံးပွဲတော် ...ာက်ယှဉ်ပြိုင်ကစားမည်

သတ်မှတ်ကာ ပတ်လည်အမှတ်ပေး စနစ်ဖြင့် နေ့စဉ် ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားရသည့် စနစ်ဖြစ်သည်။ ရမှတ်အပေါ် နိုင်ငံအလိုက် အဆင့်သတ်မှတ်ပေးသည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံမှာ တစ်ပိုင်းလျှင် မိနစ် ၃၀စီဖြင့် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံ Competition Format (1) တွင် A အသင်း သို့မဟုတ် B အသင်း တစ်သင်းသင်းဖြင့် မိနစ် ၃၀ကြာ ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး Format (2) တွင် A အသင်းက မိနစ် ၃၀ တစ်ပိုင်း၊ B အသင်းက မိနစ် ၃၀ တစ်ပိုင်း စုစုပေါင်း နှစ်ပိုင်းခွဲ၍ ယှဉ်ပြိုင်ကစားရသည်။ ပါဝင်သည့် ကစားသမား ၂၂ဦးစလုံး ကစားခွင့်ရစေရန် ရည်ရွယ်ကျင်းပသည့်ပြိုင်ပွဲပုံစံဖြစ်ပြီး မည်သည့်ပွဲတွင်မဆို မည်သည့်အကြောင်းနှင့်မျှ လူစားလဲလှယ်ကစားခွင့် မရှိပေ။

ပြင်ဆင်လေ့ကျင့်ခဲ့

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အဆင့်ဆင့်အတွက် အားထားရသည့် မျိုးဆက်သစ် ကစားသမားကောင်းလေးများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးကို ရည်ရွယ်၍ ထိုကဲ့သို့ နိုင်ငံတကာ အမျိုးသမီး လူငယ်ဘောလုံးပြိုင်ပွဲများကို နှစ်စဉ် စေလွှတ်ယှဉ်ပြိုင်စေသကဲ့သို့ ယခုပြိုင်ပွဲအတွက်လည်း မေလဆန်းမှစတင်ကာ အလားအလာရှိသော လူငယ်အမျိုးသမီး ၃၀ခန့်ကို ပဏာမအဆင့်အဖြစ် ရွေးချယ်စုစည်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ပဏာမ အမျိုးသမီးလူငယ်အသင်းတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများမှ ကစားသမားအများဆုံး ပါဝင်ခဲ့ပြီး အား/ကာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)တို့နှင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကစားသမားလေးများလည်း ပါဝင်ကြသည်။

နောက်ဆုံးဆန်ခါတင်စာရင်း

ယခု သွားရောက်ယှဉ်ပြိုင်မည့် နောက်ဆုံးဆန်ခါတင်စာရင်းကို ပွဲများထပ်မံကစားပြီးနောက် စိစစ်ရွေးချယ်ခဲ့ရာ ဂိုး-သန္တာဦးနှင့် ဝင့်ဝါထွန်း (မန္တလေး အား/ကာသိပ္ပံ)၊ နောက်တန်း- သင်းသင်းအေး (ရန်ကုန် အား/ကာသိပ္ပံ)၊ ယွန်းမီမီလွင်၊ အေးအေးတိုး၊ သန္တာစိုး (မန္တလေး အား/ကာသိပ္ပံ)နှင့် နန်းမြင့်စန္ဒာ(ဧရာဝတီတိုင်း)၊ အလယ်တန်း- စုငယ်ထွေး၊ သန္တာလင်း၊ ဇင်ထွန်း (ရန်ကုန် အား/ကာသိပ္ပံ)၊ ဝေဝေအောင်၊ နှင်းစန္ဒာလှိုင် (မန္တလေး အား/ကာသိပ္ပံ)၊ သဥ္ဇလီလင်း၊ စိုးစိုးမြင့် (အခြေခံ ပညာ-၃)၊ ရွှေတန်း- ဝင်းစန္ဒာမင်း၊ ယွန်းမြတ်မြတ်၊ ငယ်ငယ်ထွေး၊ ကျော့မူဟန်၊ မေသက်ခိုင်၊ သိမ့်ကိုကို(အခြေခံပညာ-၃)နှင့် ဇင်မာလွင်(ရန်ကုန် အား/ကာသိပ္ပံ)တို့ ပါဝင်ကြပြီး **(ဝဲပုံ)** နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း (မြန်မာအမျိုးသမီး လက်ရွေးစင်ဟောင်း)၊ လက်ထောက်နည်းပြအဖြစ် ဒေါ်ချိုဇင်မင်း (အခြေခံပညာ)တို့က စနစ်တကျ လေ့ကျင့်ပေးထားသည်။ အသင်းဆရာဝန်နှင့် အုပ်ချုပ်သူအဖြစ် ဒေါက်တာ ဒေါ်မျိုးမြင့်မြတ်က တာဝန်ယူမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဇွန် ၂၇ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၄

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ အမျိုးသားဒီမိုကရေစီအင်အားစု (NATIONAL DEMOCRATIC FORCE) ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၂၄ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

မှတ်ပုံတင်ခွင့်ပြုခဲ့

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၈)ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရှမ်းပြည်နယ် တောင်ကြီးမြို့၌ဖွင့်

နေပြည်တော် ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန် ၂၁ရက် နံနက် ၉နာရီတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှု အသင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ကြည်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေမန်းက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်နိုင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲလုပ်ငန်း လမ်းညွှန်ကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသက်ကျော်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါရာဂွေးနှင့် ဆလိုဗက် နောက်တစ်ဆင့်တက်ပြီ လက်ရှိချန်ပီယံအီတလီ ဗိုပွဲဆင်ခဲ့ရ

မြင့်မောင်စိုး-စုစည်းရေးသားသည်

ဂျိုဟန်နစ်စဘတ် ဇွန် ၂၄

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံး ပွဲစဉ်များ တောင်အာဖရိကနိုင်ငံ၌ ဇွန် ၂၄ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ အုပ်စု(စ)မှ ဆလိုဗက်ကီးယားနှင့် လက်ရှိချန်ပီယံ အီတလီအသင်းတို့သည် အဲလစ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဆလိုဗက်ကီးယားအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုဒုတိယရရှိကာ ၁၆သင်း ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဆလိုဗက်ကီးယားအသင်းအတွက် အဖွင့်ဂိုးကို ရောဘတ်ဗစ်တက်ခ်က ကွတ်တာ၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကို ဟမ်ဆစ်၏ ဖြတ်တင်ဘောမှတစ်ဆင့် ရောဘတ်ဗစ်တက်ခ်က ပင် ခေါင်းတိုက် ဂိုးသွင်းယူသွားခြင်း ဖြစ်သည်။

ဒုတိယမြောက်ချေပဂိုး

ချန်ပီယံ အီတလီတို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၈၁မိနစ်တွင် နာတေးလ်က အီတလီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ သို့သော် ပွဲပြီးရန် တစ်မိနစ်အလိုတွင် ကိုပူနက်က ဆလိုဗက်ကီးယားအသင်းအတွက် တတိယမြောက်ဂိုး သွင်းယူခဲ့သည်။ လေလွှင့်ချိန်တွင် အီတလီအသင်းမှ ကွာဂရီယာရီလာက ဒုတိယမြောက် ချေပဂိုး သွင်းယူခဲ့သည်။ ချန်ပီယံအီတလီတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ပွဲအပြီး ဗိုပွဲဆင်ခဲ့ကြရသည်။

အလားတူ တစ်အုပ်စုတည်းမှ ပါရာဂွေးနှင့် နယူးဇီလန်တို့သည် ပီတာမိုကာဘာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပါရာဂွေးအသင်းသည် နယူးဇီလန် နောက်တန်းကို တစ်ချိန်လုံး စိုးမိုးကစားနိုင်ခဲ့သော်လည်း နယူးဇီလန် ခံစစ်မှူးများ၏ ခံစစ်အားကောင်းမှုကြောင့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ဆလိုဗက်ကီးယားကစားသမား ကိုပူနက်က အီတလီဂိုးသမားကို ကျော်၍ ဤသို့ ပွဲသိမ်းအနိုင်ဂိုး သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပါရာဂွေးတို့ သရေဖြင့် ကျေနပ်ခဲ့ရသော်လည်း အုပ်စုဗိုလ်ဖြစ်ကာ ၁၆သင်းရှုံးထွက် ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ကိုးကား-အင်တာနက်

အုပ်စု(စ)အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ပါရာဂွေး	၃	၁	၂	၀	၅
၂	ဆလိုဗက်ကီးယား	၃	၁	၁	၁	၄
၃	နယူးဇီလန်	၃	၀	၃	၀	၃
၄	အီတလီ	၃	၀	၂	၁	၂

...အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေး ...အဖွဲ့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂၄

...ကျင်းပမည့် ၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် ၂၀၁၃ခုနှစ် ...ောင်အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ...် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ယနေ့ည ...လကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ...ဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အောက်ပုံ)

...ယောစိမ်းယ၊ Recurve အမျိုးသား- ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ အမျိုးသမီး-သင်းသင်းခိုင်၊ သဇင်အောင်၊ လိုင်းနိုင်းတို့ လိုက်ပါသွားကြသည်။

လေ့ကျင့်ပေး

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအပြင် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ကမ္ဘာ့တံခွန်စိုက် မြားပစ်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေးအတွက် ယခုကဲ့သို့ ကမ္ဘာ့ထိပ်သီး မြားပစ်နိုင်ငံ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ ဂါဝန်ဒိုပြည်နယ် မြားပစ်ဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် ဇွန် ၂၅ရက်မှ ဇူလိုင် ၂၃ရက်အထိ တစ်လကျော်ကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး တောင်ကိုရီးယား မြားပစ်နည်းပြဆရာတစ်ဦးမှာလည်း မြန်မာမြားပစ်အားကစားသမားများကို ကြီးကြပ်လေ့ကျင့်ပေးသွားမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ယှဉ်တွေးချိန်ဆ ရှောင်ကြဉ်ကြ

* မူးယစ်ထုံထိုင်း၊ အဆိပ်မှိုင်း၏
သိုင်းဝိုင်းမြှူဆွယ်၊ ခြေချလွယ်၍
မဖွယ်လားလား၊ တွယ်ငြိသွားက
အများတစ်ထောင်၊ မကအောင်ပင်
မြားမြောင်ဆက်နွှယ်၊ လူမှုနယ်၌
ဆယ်သော်မရ၊ မ၍မနိုင်
ယိမ်းယိုင်ဥစ္စာ၊ မွဲတေကာလျှင်
သိက္ခာသိမ်ဖျင်း၊ ငရဲတွင်းသို့
ဆင်း၍ခုန်ချ၊ ကြုံကြရ၏။

* ယနေ့ခေတ်မီ
မြန်ပြည်အတွင်း၊ ဘိန်းမျိုးကင်းရန်
ရှင်းလင်းကြပ်မတ်၊ ဘိန်းစေ့အပ်နှံ
တစ်ရံမလပ်၊ 'ပန်းတိုင်သစ်'ဖြင့်
တားမြစ်ဖယ်ရှား၊ ဆေးဝါးမူးယစ်
ဒို့ခေတ်ရန်စွယ် ဝိုင်းကာကွယ်။
ဒို့ခေတ်လူငယ် ထွန်းတောက်ကြယ်။ ။

မေသက်နွယ်ဦး (ဆေးဝါးတက္ကသိုလ်)

ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေ

နေပြည်တော် ဇွန် ၂၄

ယနေ့ ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်းရှိ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၂၄

ဇွန် ၂၄ရက် နံနက် ၁၀နာရီ မိနစ် ၄၀ ၄၇စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၆၉၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ နီကိုဘာကျွန်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းယှက်

ခင်မောင်ထွန်း (လမ်းမတော်)

၂၀၁၀ ခုနှစ် ဇွန်လ ၂၆ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် လူမျိုးကို အညွန့်တုံးစေနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံအလိုက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်တိုက်ဖျက်နေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့(မူးယစ်ဗဟိုအဖွဲ့)သည် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့ကို ဂုဏ်ပြု၍ ယခင်နှစ်များနည်းတူ (၁၃)ကြိမ်မြောက် မူးယစ်ဆန့်ကျင်ရေး ပညာပေး ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ၊ တေးသီချင်း စသည့်ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးကို ကျင်းပပေးခဲ့ ပါသည်။

မူးယစ်ဆေးစွဲရောဂါသည် ''အဖန်တလဲလဲ ပြန်လည်စွဲကပ်တတ်သော နာတာရှည်ရောဂါ'' (CHRONIC RELAPSING DISEASE) ဟု ဆိုပါသည်။ ဆေးစွဲရောဂါပျောက်ကင်းအောင် ကုသနိုင်ရေးအတွက် အမျိုးမျိုး တီထွင်အသုံးပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးစွဲကု ဌာနများက ဆေးကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဌာနက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ရွှေပြည်သာနှင့် ရွှေပြည်အေး လူငယ်ပြုပြင်ရေးစခန်းများဖြင့် စဉ်ဆက်မပြတ် ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏တစ်ခုတည်းသော အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်း ကြီးဖြစ်သော **''မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း''** ကလည်း စတင်ဖွဲ့စည်းချိန်မှစ၍ မူးယစ်ဆေးဝါးအလွဲသုံးမှုကာကွယ်ရေးလုပ်ငန်းအဖြစ် ကျောင်းသားနှင့် လူငယ်များအပါအဝင် လူထုများအတွင်း မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဆင့်ပွားအသိပညာပေးသင်တန်းများ၊ ပညာပေးပြခန်းများ၊ သုတေသနလုပ်ငန်းများ၊ အန္တရာယ် လျှော့ချမှုဆိုင်ရာ လုပ်ငန်းများကို ရည်ရွယ်ချက်တူအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာကွယ် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တစ်နိုင်ငံလုံးရှိ လူငယ်ထုက မူးယစ်ဆေးဝါးအန္တရာယ်ကို ဆန့်ကျင်ဖော်ထုတ်မည့် အင်္ဂလိပ်၊ မြန်မာကျပန်းစကားပြောပြိုင်ပွဲနှင့် လူငယ်ကဗျာရွတ်ဆိုပြိုင်ပွဲများကို ရန်ကုန် မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေး အသင်းရုံးချုပ်၌ ကျင်းပမည်ဖြစ်ပါသည်။

ကျပန်းစကားပြောပြိုင်ပွဲများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် နှစ်ဘာသာပြိုင်ပွဲများ နှစ်စဉ်ကျင်းပခဲ့၍ လူငယ်ထုအတွင်း မိမိဝင်ပြိုင်ရမည့် ခေါင်းစဉ်ဖြင့် ကိုက်ညီမှုရှိအောင် စာအုပ်၊ စာစောင်များတွင် အချက်အလက် များ ရှာဖွေဖတ်ရှုပြုစုကြရ၍ ဗဟုသုတတိုးပွားစေသည့်အပြင် နိုင်ငံတကာနှင့် ယှဉ်နိုင်သော အသိနှင့်အတတ်ပညာရရှိစေခဲ့ပါသည်။ ၂၀၀၈ခုနှစ်က အာဆီယံ နိုင်ငံများ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့ သော မူးယစ်ဆေးဝါးဆန့်ကျင်ရေး လူငယ် ''ကျပန်းစကားပြောပြိုင်ပွဲ''သို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ လူငယ်အဖွဲ့ဝင် ဆေး တက္ကသိုလ်ကျောင်းသူ မဆုဝင်းထိုက်ကို အဆင့်ဆင့်ရွေးချယ် စေလွှတ်ယှဉ်ပြိုင် စေခဲ့ရာ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံကိုယ်စားပြု မဆုဝင်းထိုက် တတိယဆုရရှိခဲ့ပြီး နိုင်ငံ၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပါသည်။

ဘိန်း၏အရင်းအမြစ်မှာ ဥရောပမြေထဲပင်လယ်မှဖြစ်ပါသည်။ ၁၅၈၀ ပြည့်နှစ်တွင် ပေါ်တူဂီကုန်သည်များနှင့် အီတလီလူမျိုး 'ဆီဖက်ဒရစ်' ဆိုသူက ဘိန်းကိုစတင်ရောင်းချခဲ့ကြောင်း၊ ၁၆၃၀ပြည့်နှစ် ဒတ်ချ်ကုမ္ပဏီ၏ မှတ်တမ်း အရ မလက္ကာမြို့မှ နှစ်စဉ်ဘိန်းပေါင်ချိန် ၂၀၀ကို ကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ယူဆောင်ရောင်းချခဲ့ကြောင်း၊ ဘိန်းမှ မော်ဖင်း၊ ဟဲရိုးအင်းထုတ်လုပ်မှုကိုလည်း ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က စတင်တီထွင် ထုတ်လုပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ရောင်းချမှု၊ အလွဲ သုံးမှုများကို ခေတ်အဆက်ဆက်တွင် ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်း၍ ထိရောက်သောအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဘိုးတော်ဘုရား(ခေါ်)ပဒုံမင်း ၁၇၈၂-၁၈၁၉ လက်ထက်တွင် ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်ဟူသော ယစ်မျိုးငါးပါးကို သုံးစွဲခြင်းမပြုရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။ သုံးစွဲခဲ့သည်ရှိသော် ပထမအကြိမ် ခံဝန်ချက်လုပ်၊ ဒုတိယအကြိမ်အဆင့်တွင် 'အဆုံးစီရင်'သည်အထိ အရေးယူထိန်းချုပ်ခဲ့ပါ သည်။

သီပေါမင်း ၁၈၇၅-၁၈၈၅လက်ထက်တွင်လည်း ယစ်မျိုးငါးပါးဥပဒေကို ဘိုးတော်ဘုရား (ခေါ်) ပဒုံမင်းလက်ထက်ကကဲ့သို့ပင် ထိန်းချုပ်မှု အမိန့်ထုတ်ခဲ့ သည့်အပြင် အုပ်ချုပ်မှုကိုထိရောက်စေရန်အတွက် မြို့ရွာအုပ်ချုပ်သူများအထိ အာဏာအပ်နှင်းပေးခဲ့ပါသည်။

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ စာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၇၄ခုနှစ် တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၇၄ခုနှစ် ဖေဖော် ဝါရီလ ၂၀ရက်နေ့တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်၌ ၁၉၇၅ခုနှစ် အောက် တိုဘာ ၂၈ရက်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် တိုက်ဖျက်ရန် ဗဟိုလုပ်ငန်းအဖွဲ့ကိုးဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့တပ်မတော်သည် မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးများကို ၁၉၇၅ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် ဆင်နွှဲခဲ့ပြီး အရာရှိ၊ အကြပ်၊ တပ်သား၊ စစ်သည်များစွာ အသက်ပေးဆပ်ခဲ့ရပါသည်။

၁၉၇၅မှ ၁၉၇၆အထိ မဲလုံး၊ တောင်ထိပ်ပန်း၊ ဇင်နူး၊ အောင်ကျော်မိုး၊ ဟောမန်ဦး၊ အောင်မိုးဟိန်း၊ ရဲမင်းအောင်၊ လေးမာန်အောင်၊ မိုးဟိန်း(၁)။

၁၉၇၇ခုနှစ်တွင် မိုးဟိန်း(၂) (၃)၊ ပေါက်ပန်း၊ ချင်းဒေသန္တရ ကောက်ရိုး ခြေထောက်၊ မြက်ခြေထောက်၊ မရဏ၊ ငှက်ကြီးတောင်။

၁၉၇၈မှ ၁၉၈၈အထိ မိုးဟိန်း(၄)မှ(၁၂)အထိ၊ တောင်ရန်ရှင်း(၁)မှ(၄) အထိ၊ အဓိကဘိန်းစိုက်ရာဒေသများတွင် ရောင်စုံသောင်းကျန်းသူများအား အကာအကွယ်ယူကာ စိုက်ပျိုးရောင်းချနေခဲ့ကြ၍ မြန်မာ့တပ်မတော်က စစ်ဆင် ရေးများ ပြုလုပ်ရှင်းလင်းနှိမ်နင်းခဲ့ရပါသည်။ ဘိန်းများသယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများကိုလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဌာန၊ အာဏာပိုင်အဖွဲ့အစည်းများက အမြဲမပြတ် ဖမ်းဆီး ဖော်ထုတ်လျက်ရှိပါသည်။

နိုင်ငံတော်က ''မူးယစ်ကင်းစင်သော မြန်မာနိုင်ငံတော်ကြီး'' အဖြစ် ရောက်ရှိစေရန် ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှုဖြင့် ''အမျိုးသားရေး'' တာဝန်ကြီးတစ်ရပ်ချမှတ်၍ အရှိန်အဟုန်မြင့်ဆောင်ရွက်နေချိန်တွင် မူးယစ် ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက တာဝန်ရှိသူများနှင့် လက်တွဲ၍ ပူးပေါင်းတိုက်ဖျက်သွားကြရန်နှင့် သုံးစွဲမှုများကို ပညာပေးဖော်ထုတ်၍ သုံးစွဲမှုလျှော့ချရေး၊ သုံးစွဲမှုမပြုစေရေးအတွက် ပညာပေး ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်က 'မူးယစ်ကင်းစင်သော မြန်မာနိုင်ငံတော်ကြီး' အဖြစ် ရောက်ရှိစေရန် ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှုဖြင့် 'အမျိုးသားရေး' တာဝန်ကြီးတစ်ရပ် ချမှတ်၍ အရှိန်အဟုန်မြင့်ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် မှု၊ ရောင်းဝယ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက တာဝန်ရှိသူများနှင့်လက်တွဲ၍ ပူးပေါင်းတိုက်ဖျက်သွားကြရန်နှင့် သုံးစွဲမှုများကို ပညာပေးဖော်ထုတ်၍ သုံးစွဲမှု လျှော့ချရေး၊ သုံးစွဲမှုမပြုစေရေးအတွက် ပညာပေးဆောင်ရွက်မှုများတွင် ပါဝင် ဆောင်ရွက်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများ

အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ငွေစာရင်း ဝန်ထမ်းများ၏ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၃ရက် နံနက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖေသန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

မှာကြား

အလုပ်ရုံဆွေးနွေးပွဲများတွင် ဒုတိယဝန်ကြီးဦးဖေသန်းက ပြည်နယ်နှင့်တိုင်း အသီးသီးမှ ငွေစာရင်းဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများရရှိအောင် ကြိုးပမ်းရေး၊ ဒေသအလိုက် လုပ်ငန်းအောင်မြင်တိုးတက်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းတစ်ဦးချင်း အရည်အသွေးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို တတ်မြောက်အောင် သင်ကြား ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကြိုးစားဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။ **(ကညန)**

ဈေးရောင်းပွဲတော် မရမ်းကုန်းမြို့နယ်၌ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဇွန် ၂၅ရက်မှ ဇူလိုင် ၁ရက်အထိ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှု လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို အရောင်းဆိုင်ခန်းများဖွင့်လှစ်၍ နေ့စဉ်နံနက် ၈နာရီမှ ည ၈နာရီအထိ ရောင်းချသွားမည်ဖြစ်ရာ မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့ မော်သံလမ်းမကြီးရပ်နေ ဒေါ်လွမ်းနှင့်ညီမများက မုဒုံဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ရိပ်သာအတွင်းရေးမှူး ဦးလှသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ကြေးမုံရိပ်သွင်တေးနယည်
- ၈:၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၅ ၄။ လက်ဆေးပြီးပြီလား
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူး ပြုများ) (ဓာတုဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၂၅ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၅:၄၀ ၁၀။ Football Planet(၂၀၁၀ကမ္ဘာ့ ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက် ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၈:၂၀ ၁၆။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြောက်ကိုရီးယားနှင့် အိုင်ဗရီကို့စ်)**
- ၁၇။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၂)
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ခေတ်အဆက်ဆက် အထိမ်း အမှတ်များ (စတီရီယိုတေးသံ ရှင်များ၊ တေးရေး-မင်းချစ်သူ)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ**(အပိုင်း-၂၇)
- ၂၁။ သီချင်းချစ်သူ **(ယုဇန)**

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၁:၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဆွစ်ဇာလန်နှင့်ဟွန်ဒူးရပ်စ်)**

ဒီလေးတို့ ဘရာဇီးကို ကျော်ဖြတ်အနိုင်ယူပြနိုင်ပါ့မလား

အုပ်စုတက်ရေး အပြင်းအထန်ကြိုးစားရတော့မည့် စပိန်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၄

၂၀၁၀ တောင်အာဖရိကကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးတော့မည်။ အုပ်စုမှ နောက်တစ်ဆင့်တက်ရောက်ရေးအတွက် အသင်းများလည်း ထွက်ပေါ်ခဲ့ပြီဖြစ်ရာ အုပ်စုအလိုက် ထိပ်ဆုံးနေရာနှင့် ဂုဏ်သိက္ခာအတွက် အားပြိုင်သည့်ပွဲစဉ်များသာ ကျန်ရှိတော့သည်။ သို့သော် အုပ်စု(ဇ)မှ အသင်းများမှာမူ အုပ်စုမှ တက်ရောက်ရေးပြတ်သားမှုရလဒ်များ လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ဇွန် ၂၅ ရက်၌ ပေါ်တူဂီနှင့် ဘရာဇီးတို့ အုပ်စုထိပ်ဆုံးနေရာအတွက် ယှဉ်ပြိုင်ကြရမည်ဖြစ်သလို မြောက်ကိုရီးယားနှင့် အိုင်ဗရီကို့စ်တို့ကလည်း ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ကြရမည်။ သို့သော် ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်၊ ချီလီနှင့် စပိန်တို့က အကြိတ်အနယ်နွှဲကြရဦးမည့်ပွဲများပင်ဖြစ်သည်။

ပေါ်တူဂီနှင့် ဘရာဇီး

အုပ်စု(ဆ)၌ ဘရာဇီးတို့က နှစ်ပွဲကစားပြီး ခြောက်မှတ်ရနေသလို ပေါ်တူဂီတို့ကလည်း နှစ်ပွဲကစားပြီး လေးမှတ်ရရှိထားသည်။ ဘရာဇီးတို့က နှစ်ပွဲကစားပြီး သွင်းဂိုး ငါးဂိုး၊ ပေးဂိုးနှစ်ဂိုးဖြစ်သည်။ ပေါ်တူဂီက သွင်းဂိုးခုနစ်ဂိုးနှင့် ပေးဂိုးမရှိချေ။ ဘရာဇီးသည် ကစားကွက်တည်ငြိမ်ပြီး ပုံမှန်ခြေစွမ်းပြနိုင်သည်။ ဘရာဇီးတို့ အနေဖြင့် မြောက်ကိုရီးယား၊ အိုင်ဗရီကို့စ်နှင့် ကစားခဲ့သည့်ပွဲများ၌ အကြိတ်အနယ်

ပေါ်တူဂီအတွက် ဂိုးသွင်းပေးဖို့ လိုအပ်နေသည့် ဒီလေး။

ရုန်းကန်ခဲ့ရမှုမရှိချေ။ အသင်းလိုက်ကစားအားနှင့် တစ်ဦးချင်း နားလည်ပါးနပ်မှုအပိုင်းတွင် ဘရာဇီးကစားသမားများက အားသာချက်ရှိနေသည်။ ဘရာဇီးတိုက်စစ်မှာပေါ်တူဂီထက် အဆုံးသတ်သေချာသည့် အနေအထားရှိသည်။ ရော်ဘင်ဟို နှင့် ဖာဘီရာနိုတို့က ပေါ်တူဂီခံစစ်ကြောင်းကို ယိမ်းယိုင်အောင် စွမ်းဆောင်နိုင်ကြသည်။ ကစားကွက်ထိန်းပြီး ဘောလုံးကိုင်ကာ တည်တည်ငြိမ်ငြိမ်နှင့် ခံစစ်ကိုတားဆီးနိုင်စွမ်းရှိသည့် မိုင်ကွန်နှင့် လူစီယိုတို့လို ခံစစ်မှူးများလည်းရှိရာ စီရိုနယ်ဒိုဦးဆောင်သည့်ပေါ်တူဂီတိုက်စစ်မှူးများ၏အားထုတ်နိုင်မှုစွမ်းအားကို စောင့်ကြည့်ရမည်။ အရန်ကစားသမားများ ထည့်သွင်းပြီး ပေါ်တူဂီကို ဖိအားပေးမှုမရှိဘဲ ကစားမည့် ဘရာဇီးတို့အသာစီးရအောင် နည်းပြဒွန်ဂါ မည်သို့ စီမံမည်မှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

ပေါ်တူဂီတို့က ယခုပွဲ၌လည်း မလျှော့တမ်းကစားမည့် အနေအထားဖြင့် ဘရာဇီးကို လူစုံထုတ်ကာ ရင်ဆိုင်မည်ဖြစ်သည်။ နည်းပြကွီရော့ဇ်က ဘရာဇီးကို အနိုင်ရယူရေးစနစ်တကျစီစဉ်မည်ဖြစ်ရာ အမာခံကစားသမားများဖြင့်သာ ကစားစေမည်သာဖြစ်သည်။ ပေါ်တူဂီတို့ ရမှတ်၊ ဂိုးကွာခြားမှုဖြင့် နောက်တစ်ဆင့်တက်ရေး စိုးရိမ်သောကကြီးစွာရှိမည်မဟုတ်သော်လည်း ဘရာဇီးတို့ထံမှ ရမှတ်ကို မဖြစ်မနေရရှိရေး ကြိုးစားမည်ဖြစ်သည်။ စီရိုနယ်ဒို၊ တီရာဂိုနှင့် လိဒ်ဆင်တို့က ဘရာဇီးနောက်တန်းကို မြန်နှုန်းမြင့် ကျော်ဖြတ်ဂိုးသွင်းနိုင်မှု ရှိ မရှိကို စောင့်ကြည့်ရမည့်ပွဲပင်ဖြစ်သည်။

မြောက်ကိုရီးယားနှင့် အိုင်ဗရီကို့စ်

အုပ်စု(ဆ)၌ မြောက်ကိုရီးယားတို့က နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးထားသည်။ ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး ပေါ်တူဂီကို ခုနစ်ဂိုးပြတ်ဖြင့် ရှုံးထားသဖြင့် အမှတ်မရဘဲ ပြိုင်ပွဲမှထွက်ရပြီဖြစ်သော်လည်း ဂုဏ်သိက္ခာအတွက် အိုင်ဗရီကို့စ်ကို နောက်ဆုံးပွဲစဉ်အဖြစ် ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်သာဖြစ်သည်။ အိုင်ဗရီကို့စ်တို့အတွက် ယခုပွဲကအရေးကြီးသည်။ ဒုတိယပွဲစဉ်တွင် ဘရာဇီးကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးထားပြီး ပေါ်တူဂီအသင်းကို ဂိုးမရှိသရေပွဲကစားထားသည်။ ပေါ်တူဂီက ဘရာဇီးကိုရှုံးပြီး အိုင်ဗရီကို့စ်က မြောက်ကိုရီးယားကို ဂိုးပြတ်သွင်းကာ ကစားနိုင်ခဲ့လျှင်ဟူသောအတွေးဖြင့်အိုင်ဗရီကို့စ်တို့နောက်ဆုံးပွဲစဉ်၌ ခြေကုန်ဖွင့်မည်မှာ သေချာသည်။ အိုင်ဗရီကို့စ်တွင် အဓိကကစားသမားများ အကုန် ထုတ်သုံးမည်ဖြစ်သော်လည်း မြောက်ကိုရီးယားအပေါ် ဂိုးပြတ်သွင်းနိုင်ရန် လွယ်ကူမည်မဟုတ်ချေ။ ဒရော့ဘာ ကြွံခိုင်မှု အပြည့်ဖြင့်ကစားလျှင် မျှော်လင့်သည့် ဂိုးရလဒ်မျိုး ဖြစ်နိုင်သည်။ သို့သော် ယခုအနေအထားမှာ အိုင်ဗရီကို့စ်အတွက် မျှော်လင့်ချက် ဝေဝါးစရာပင်ဖြစ်သည်။ အိုင်ဗရီကို့စ်တို့ ယခုပွဲ၌ အနိုင်ရလဒ်အတွက် မျှော်လင့်နိုင်ပါသည်။



ဆွစ်ဇာလန် ရမှတ်အပြည့်ယူရန် ဖာနန်ဒက်ဇ် စွမ်းဆောင်ပေးနိုင်မလား။

ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်

အုပ်စု(ဇ)၌ ဆွစ်ဇာလန်တို့အတွက် ယခုပွဲရလဒ်ကား သေရေးရှင်ရေးတမျှအရေးကြီးသည်။ လက်ရှိအနေအထားအရ စပိန်နှင့် ရမှတ်သုံးမှတ်စီ တူနေသည်။ နောက်တစ်ဆင့်တက်ရေးအတွက် ဆွစ်ဇာလန်တို့ ခြေကုန်ထုတ်ကာ နိုင်ပွဲရရှိရေး ကြိုးစားရမည်ဖြစ်သည်။ စပိန်ကို အနိုင်ကစားခဲ့သော ခြေစွမ်းမျိုးသာရရှိလျှင် ဆွစ်ဇာလန်တို့ နိုင်ပွဲရမည်မှာသေချာသည်။ ဆွစ်ဇာလန်တွင် ဖာနန်ဒက်ဇ်၊ အင်ကူဖို၊ ဒါဒီယော့ခ်၊ အင်လာတို့က ဟွန်ဒူးရပ်စ်နောက်တန်းကို မွှေနှောက်ဂိုးသွင်းနိုင်သူများဖြစ်သည်။ အရေးကြီးသည်မှာလည်း ဆွစ်ဇာလန်တိုက်စစ်မှူးများဖြစ်သည့် ဖာနန်ဒက်ဇ်တို့ ဂိုးသွင်းအားကောင်းဖို့ပင်ဖြစ်သည်။ ဟွန်ဒူးရပ်စ်တို့ ခံစစ်ကြောင်းက နှစ်ပွဲကစားပြီးချိန်၌ သုံးဂိုးအသွင်းခံထားရသည်ဖြစ်ရာ ဆွစ်ဇာလန်တို့ တစ်ဟုန်ထိုး တိုက်စစ် မချတမ်းထိုးဖောက် ကစားနိုင်လျှင် မျှော်လင့်ချက်ပြည့်ဝနိုင်မည်ဖြစ်သည်။ ဟွန်ဒူးရပ်စ် တိုက်စစ်မှူးများက နှစ်ပွဲကစားပြီးချိန်၌ တစ်ဂိုးမျှမသွင်းနိုင်ဘဲရှိရာ ဆွစ်ဇာလန်တို့အုပ်စုမှ နောက်တစ်ဆင့်တက်ရေး အရေးပါသည့် ယခုပွဲ၌ နိုင်ပွဲရလဒ်နှင့် ဂိုးပြတ်သွင်းနိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားမည်မှာ သေချာသည်။

ချီလီနှင့် စပိန်

အုပ်စု(ဇ)၌ ချီလီတို့ နှစ်ပွဲကစားနှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုမှတက်ရန် သေချာနေပြီဖြစ်သည်။ စပိန်တို့က တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် သုံးမှတ်ရရှိထားရာ ယခုပွဲ၌ ချီလီကို အနိုင်ကစားမှရတော့မည်ဖြစ်သည်။ ချီလီတို့က ခံစစ်ကြောင်းကို လုံအောင်ထိန်းနိုင်ကြသူများဖြစ်ရာ စပိန်တိုက်စစ်မှူးများမည်သို့ကျော်ဖြတ် ဂိုးသွင်းနိုင်မလဲကြည့်ရမည်။ စပိန်တိုက်စစ်တွင် တောရက်စ်၊ဗီလာတို့ကိုပွဲအစမှ ထုတ်သုံးပြီး ဆာဗီ၊ အလွန်ဆိုနှင့် ဆေးလ်ဗားတို့ အုပ်စုဖွဲ့ ထိုးဖောက်ကစားလျှင် ချီလီခံစစ်ကြောင်းကို လှုပ်ယမ်းနိုင်မည်ဖြစ်သည်။ စပိန်တို့ အုပ်စုမှတက်ရေးအတွက် ချီလီကို အနိုင်ကစားပြီး ဂိုးပြတ်သွင်းယူရေးလည်း လိုအပ်နေရာ စပိန်တို့ အားထုတ်မှု ပီပြင်ရန် အချိန်ရောက်နေပြီဖြစ်သည်။ အသင်းလိုက် စုစည်းမှုအားကောင်းပြီး အမှားအယွင်းနည်းစွာကစားတတ်သည့် ချီလီကို စပိန်တို့ အနိုင်ယူရေးမှာလည်း ခက်ခဲမည်မှာ အမှန်ပင်။ ချီလီတို့က ယခုပွဲ၌ အုပ်စုမှတက်ရေးအတွက် အနိုင်အရှုံးရလဒ် အရေးကြီးသည်မဟုတ်ရာ အရန်လူများဖြင့် ပွဲထွက်လာလျှင် စပိန်တို့ခံသာမည်ဖြစ်ပြီး မျှော်လင့်သလိုရလဒ်လည်း ဖန်တီးနိုင်မည်ဟု ယူဆပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ဒေးဗစ်ဗီလာ စပိန်အတွက် ဂိုးသွင်းဖို့ လိုအပ်နေပြီ။

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

သြစတြေးလျ အုပ်စုမတက်နိုင်ခြင်းမှာ မိမိကြောင့်ဟု တင်ကာဟေးလ် ပြောကြား

အုပ်စု(ဃ)၌ သြစတြေးလျအသင်းသည် ဂါနာနှင့်ရမှတ်လေးမှတ်တူသော်လည်း ဂိုးကွာခြားချက်ဖြင့် နောက်တစ်ဆင့်မတက်နိုင်ခြင်းမှာ မိမိပွဲပယ်ခံခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း သြစတြေးလျကစားသမား တင်ကာဟေးလ်က ပြောကြားသည်။

တောင်အာဖရိကအသင်းကို သမ္မတဇူးမားချီးကျူး

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တောင်အာဖရိကအသင်း အုပ်စုမှထွက်ခဲ့ရသော်လည်း သုံးပွဲကစားပြီး တစ်ပွဲသာရှုံးခဲ့ခြင်းမှာ အရည်အချင်းရှိကြောင်း ပြသနိုင်သဖြင့် ချီးကျူးကြောင်း တောင်အာဖရိကသမ္မတ ဇူးမားက သတင်းထောက်များအား ဇွန် ၂၄ ရက်၌ ပြောကြားသည်။

ဆားဗီးယားအသင်းနိုင်ပွဲကို မေ့မည်မဟုတ်ဟု ဗီဒစ်ပြောကြား

အုပ်စု(ဃ)၌ အုပ်စုပွဲစဉ်အဖြစ် ဂျာမနီနှင့်ကစားခဲ့သောပွဲ၌ မိမိတို့ ဆားဗီးယားအသင်း အနိုင်ရရှိခဲ့မှုကို ကမ္ဘာ့ဖလားပွဲတွင် အုပ်စုမှ မတက်ရောက်ခဲ့သော်လည်း မည်သည့်အခါမျှမေ့မည်မဟုတ်ကြောင်း ဆားဗီးယားအသင်း ခေါင်းဆောင် ဗီဒစ်က ဇွန် ၂၄ ရက်၌ ပြောကြားသည်။

ဂျာမနီအား အနိုင်ယူနိုင်ဟု ကာပယ်လို ဖွင့်ဟ

အင်္ဂလန်အသင်းအနေဖြင့် မဆုတ်မနစ်ဇွဲဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်သည့် ခြေစွမ်းရှိသည့်အတွက် ရှုံးထွက်အဆင့်တွင် ယှဉ်ပြိုင်ရမည့် ပြိုင်ဘက်ဂျာမနီအသင်းအား အနိုင်ယူနိုင်သည့် ခြေစွမ်းရှိကြောင်း နည်းပြကာပယ်လိုက ဖွင့်ဟပြောကြားခဲ့သည်။

ပို့စ်အဲလီဇဘတ်မြို့၌ အင်္ဂလန်ပရိသတ် ၂၀၀၀၀ ခန့်ရှိနေ

၂၀၁၀ကမ္ဘာ့ဖလားပွဲစဉ်များကို လာရောက်ကြည့်ရှုအားပေးသော အင်္ဂလန်ပရိသတ်များမှာ တောင်အာဖရိကနိုင်ငံ ပို့စ်အဲလီဇဘတ်မြို့တစ်မြို့တည်း၌ပင် ပရိသတ် ၂၀၀၀၀ ခန့် ရှိနေကြောင်း တောင်အာဖရိကအားကစားအရာရှိများက ဇွန် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

တောင်အာဖရိကပရိသတ်များ အင်္ဂလန်အသင်းကို အားပေး

နယ်လ်ဆင်မင်ဒဲလားအားကစားကွင်း၌ ဇွန် ၂၃ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဆလိုဗေးနီးယားနှင့် အင်္ဂလန်တို့ပွဲတွင် တောင်အာဖရိကပရိသတ် ၁၅၀၀၀ခန့် ဝင်ရောက်ကြည့်ရှုကာ အင်္ဂလန်အသင်းကို အားပေးခဲ့ကြကြောင်း တောင်အာဖရိက အရာရှိများက ပြောကြားသည်။

ဂျာမနီအတွက် အကောင်းဆုံးစွမ်းဆောင်ပေးမည့် ကလိုဆေး

ဂျာမနီအသင်း အုပ်စုမှတက်ရောက်သွားပြီဖြစ်ရာ ပွဲပယ်ပြစ်ဒဏ် ကင်းလွတ်ပြီးပါက မိမိသည် ဂျာမနီအတွက် ဂိုးများသွင်းပြီး အကောင်းဆုံး စွမ်းဆောင်ပေးသွားမည်ဟု ကလိုဆေးက ပြောကြားသည်။

အင်္ဂလန် နောက်တစ်ဆင့်တက်သော်လည်း ဂျရတ် မပျော်

အုပ်စု(ဂ)တွင် အင်္ဂလန်အသင်းနောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သော်လည်း မိမိဝမ်းမြောက်ဝမ်းသာမဖြစ်ကြောင်း၊ ပျော်ရွှင်မှုအပြည့်အဝ မခံစားရကြောင်း ကွင်းလယ်ကစားသမား ဂျရတ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ (အင်တာနက်)

ဇွန် ၁၉ ရက်က သထုံမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု ထိန်ပင်ကျေးရွာတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းဦး ဦးဆောင်၍ သစ်တောဝန်ထမ်းများ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ တစ်အိမ်ထောင် သစ်မာပင် ၂၀ နှင့် ကျွန်း သုံးပင်တို့ကို ကျေးရွာအတွင်း စိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဇွန် ၁၂ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဥက္ကံမြို့တွင်းရှိ ရန်ကုန်-ပြည်လမ်းဘေးတစ်လျှောက် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ ဥက္ကံရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးသန့်ဇင်တို့ ရေမြောင်းတူးဖော်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကာကွယ်ရေးနှင့် ဆက်သွယ်သုံးစွဲထားသည့် လျှပ်စစ်မီးဝိုင်ယာကြိုး၊ ဆက်စပ်ပစ္စည်းများ အန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးတင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ မေ ၃၀ ရက်က စစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာရေးသူမင်းပထူး၏ အကျပ်အတည်းအတွင်းခေါင်းဆောင်ခြင်း စာအုပ်ထွက်ရှိ

နေပြည်တော် ဇွန် ၂၄

အကျပ်အတည်းသည် ခေါင်းဆောင်များစွာနှင့် သူတို့၏အဖွဲ့အစည်းများကို ကျရှုံးအောင် လုပ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ခေါင်းဆောင်တချို့သည် အကျပ်အတည်း၏ ဆန်းစစ်ပွဲကို အောင်နိုင်ရုံမျှမက သူတို့၏ခေါင်းဆောင်မှုကို ပိုမိုခိုင်မာတောင့်တင်းစေခဲ့သည်။ ထို့ကြောင့် လူတစ်ယောက်၏ ခေါင်းဆောင်မှုကို ဆန်းစစ်ရန် အကျပ်အတည်းလောက်ကောင်းသော အချိန်မရှိဟုဆိုသည်။ သို့သော် သင့်ကို အကျပ်အတည်း တစ်ခုအတွင်းမှာ ဘယ်လိုခေါင်းဆောင်ရမလဲဆိုသည်ကို တိုတောင်းသောအချိန်ကာလအတွင်း အတွေ့အကြုံရရှိအောင် သင်ကြားပေးနိုင်သည့် လေ့ကျင့်ရေးကွင်းမရှိသေးပါ။

သင်ကြားလေ့ကျင့်ပေး

ဤစာအုပ်သည် ၂၀၀၈-၂၀၀၉ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ် ဖြစ်ခဲ့ရသည့် အရင်းခံအကြောင်းအရာများမှ စတင်၍ လောလောလတ်လတ်အဖြစ်အပျက် နမူနာပေါင်းမြောက်မြားစွာကိုဖော်ပြ၍ သင့်ကိုလေ့ကျင့်ရေးကွင်းထဲသို့ ရောက်နေဘိသကဲ့သို့ အကျပ်အတည်းအတွင်း ခေါင်းဆောင်ခြင်း ဘာသာရပ်အတွက် သင်ခန်းစာများကို သင်ကြားလေ့ကျင့်ပေးသွားပါလိမ့်မည်။

မျှော်မှန်းနိုင်

"အမှန်တရားကို ရင်ဆိုင်ရာတွင် မိမိကိုယ်တိုင်ကစတင်ပါ"ဟူသော သင်ခန်းစာမှ စတင်ပြီး **"ထိုးစစ်ဆင်ပါ၊ အောင်နိုင်မှုကို ရှေးရှုပါ"** ဟူသော သင်ခန်းစာအထိ သင်ခန်းစာ ခုနစ်ပုဒ်ပါရှိသည်။ ဤသင်ခန်းစာများကို နားလည်လက်ခံလိုက်နာကျင့်သုံးနိုင်ပြီဆိုလျှင် သင်သည်စိန်ခေါ်မှုများကို အကျိုးကျေးဇူးအဖြစ် ပြောင်းလဲနိုင်သော တက်ကြွမှုနှင့် ရဲစွမ်းသတ္တိရှိမှုတို့ကို အလိုလိုရရှိလာပြီး အကျပ်အတည်းမှ လွတ်မြောက်အောင်နိုင်လျက် အတော်ဆုံး ခေါင်းဆောင်တစ်ဦးအဖြစ် ရောက်ရှိလာရန် မျှော်မှန်းနိုင်ကြောင်း စာရေးသူက ဆိုထားသည်။ ယင်းအကျပ်အတည်းအတွင်း ခေါင်းဆောင်ခြင်းစာအုပ်ကို တူဒေးစာအုပ်တိုက်က တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ထုတ်ဝေပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၂၄ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ကိုယ်စားပြု အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင် မရတနာမြင့် (ကွန်ပျူတာတက္ကသိုလ်၊ ဂုဏ်ထူးတန်း) ပြိုင်ပွဲဝင်စဉ်။ (၁၁၃)

အထက်မင်းလှမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၂၄

အထက်မင်းလှ မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၁၁ရက် (တနင်္ဂနွေနေ့) နံနက်ဇနာရီတွင် မင်းလှဓမ္မရိပ်သာ(ဗဟန်းဈေးအနီး)၌ကျင်းပမည်ဖြစ်သည်။ အသင်းသူအသင်းသားများ ဇူလိုင် ၄ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း - ၇၂၆၈၆၆၊ ဦးဘိုမောင် ဖုန်း-၇၃၀၃၉၈၇၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

လားရှိုးခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

လားရှိုး ဇွန် ၂၄

လားရှိုးခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၂ရက် မွန်းလွဲ ၁နာရီခွဲက လားရှိုးမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌရဲမှူးတင်မြင့်၊အခမ်းအနားမှူးအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အယ်နီကိုင်ဖတို့က ဆောင်ရွက်ပြီး အသင်း၏ အမှုဆောင် ဒါရိုက်တာ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ဆွေးနွေး

အစည်းအဝေးတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးဆမ်မန်းက သမဝါယမလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ဂျာမနီတို့ နိုင်ပွဲရပြီး တစ်ဆင့်တက်ပြီ ဂါနာတို့ ရှုံးသော်လည်း ကမ္ဘာ့ဖလားခရီးဆက်နိုင်



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဖ်တောင်း ဇွန် ၂၄

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၂၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ သြစတြေးလျက ဆားဗီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရပြီး ဂါနာက ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသွားခဲ့သော်လည်း အုပ်စု(ဃ)၌ ဂျာမနီနှင့်ဂါနာတို့ အုပ်စုမှ နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

သြစတြေးလျနှင့် ဆားဗီးယား

အုပ်စု(ဃ)မှ သြစတြေးလျတို့ အနိုင်ရရှိရေးကြိုးစားခဲ့ပြီး ဂိုးရရေးပွဲအစမှာပင် တိုက်စစ်ဆင်ခဲ့သည်။ ယခုပွဲ၌ တင်ကာဟေးလ် ပါဝင် ကစားခဲ့သဖြင့် သြစတြေးလျတို့ ကစားအားကောင်းခဲ့သည်။ ကူလီနာ၊ ဗာလီရီတို့က သြစတြေးလျအသင်းအတွက် ခြေစွမ်းပြနိုင်ခဲ့သည်။ ဆားဗီးယားတို့ကလည်း ဗီဒစ်၊ ဂျိုဗာနိုဗစ်၊ နန်ကိုဗစ်၊ ဇိုင်ဂစ်တို့အားဖြင့် ၄း၃း၂း၁ အခင်းအကျင်းဖြင့် သြစတြေးလျကို ရင်ဆိုင်ကစားခဲ့သည်။

သြစတြေးလျတို့ တိုက်စစ်ကစားပြီး ဂိုးရရေးအခွင့်အရေးကောင်းများ ရရှိသော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဆားဗီးယားတို့ကလည်း သြစတြေးလျတို့ တိုက်စစ်ကိုဟန့်တားရင်း ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

ဒုတိယဂိုး

ဒုတိယပိုင်းပွဲချိန် ၆၅မိနစ်၌ သြစတြေးလျက ဗာလီရီအစား ဟိုမန်းကို အစားထိုးကစားခဲ့သည်။ ဆားဗီးယားတို့ကလည်း ကရာဆစ်အစား တိုဆစ်ကို အစားထိုးကစားစေခဲ့သလို ဇိုင်ဂစ်အစား ပန်တီလစ်ကို အစားထိုးကစားခဲ့သည်။ ပွဲချိန် ၆၉ မိနစ်၌ ဆားဗီးယားဂိုးရှေ့သို့ တင်ပေးလိုက်သော ဘောလုံးကို တင်ကာဟေးလ် ခေါင်းတိုက်သွင်းယူခဲ့သဖြင့် သြစတြေးလျတို့ အဖွင့်ဂိုးရရှိခဲ့သည်။

သြစတြေးလျတို့ဂိုးရရှိရေး ဆက်လက်တိုက်စစ်ဆင်ခဲ့ရာ ၇၃ မိနစ်၌ ဗာလီရီ အစားဝင်ကစားသည့် ဟိုမန်းက ဘောလုံးဆွဲယူလာပြီး တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် သြစတြေးလျတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဆားဗီးယားတို့ချေပဂိုးသွင်းယူနိုင်ရေး အတွက် ပွဲချိန် ၇၇မိနစ်၌ ကူမာနိုဗစ်အစား လာကိုဗစ်အစားထိုးဝင်ရောက်ကစားခဲ့သည်။ ဆားဗီးယားအတွက် ပွဲချိန် ၈၄မိနစ်၌ ပန်တီလစ်ကဂိုးသွင်းယူပေးခဲ့သဖြင့် ချေပဂိုး တစ်ဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဆားဗီးယားတို့ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆားဗီးယားနှင့် သြစတြေးလျတို့ပွဲတွင် ဆားဗီးယားမှ နန်ကိုဗစ်(ဝဲ) ထိုးဖောက်မှုကို သြစတြေးလျမှ ကူလီနာ ဤသို့ လိုက်လံဟန့်တားခဲ့သည်။

အုပ်စု(ဃ)၌ ဂါနာနှင့်ဂျာမနီတို့ အနိုင်ရလဒ်ရရှိရေးအတွက်အကြိတ်အနယ်နွှဲခဲ့ကြရသည်။ ဂျာမနီက ၄း၂း၃း၁အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သလို ဂါနာကလည်း ၄း၁း၄း၁ပုံစံဖြင့် ဂျာမနီကိုရင်ဆိုင်ခဲ့သည်။ ဂျာမနီကတိုက်စစ်တွင် ပိုဒေါ်စကီး၊ မူလာ၊ အိုဇယ်တို့ဖြင့် ဝိုင်းရံထိုးဖောက်ကစားခဲ့သည်။ ဂါနာတို့ကလည်း အက်ဆာမို့၊ ဘိုရာတန်၊ မွန်တာရီတို့ကို အားပြုယှဉ်ပြိုင်စေခဲ့ရာ ပွဲမှာ အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့သဖြင့် ယှဉ်ပြိုင်မှုပြင်းထန်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂိုးသွင်းယူ

ဒုတိယပိုင်းပွဲချိန်အတွင်း ဂျာမနီအသင်း အပေးအယူမှန်မှန်ဖြင့် ကစားကွက်တည်ပြီး ဂိုးရရှိရေး ကြိုးစားခဲ့ရာ မိနစ် ၆၀ ၌ မူလာပေးလိုက်သည့်ဘောလုံးကို အိုဇယ်သွင်းယူခဲ့သဖြင့် ဂျာမနီတို့ဂိုးရရှိခြင်းဖြစ်သည်။ ဂျာမနီတို့က ဂိုးထပ်မံသွင်းယူနိုင်ရေးအတွက် ဘိုရာတန်အစား ဂျန်ဆင်၊ မူလာအစား ချောစကီတို့ အစားထိုးကစားစေခဲ့သော်လည်း ရလဒ်ထူးခြားမလာသဖြင့် ဂျာမနီတို့တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ အုပ်စု(ဃ)တွင် ဂျာမနီတို့သုံးပွဲကစား ခြောက်မှတ်၊ ဂါနာတို့သုံးပွဲကစား လေးမှတ်ဖြင့် ဂိုးကွာခြားချက်အရ နောက်တစ်ဆင့် တက်ရောက်ခဲ့ပြီဖြစ်သည်။ ။ **(အင်တာနက်)**

ဂျာမနီအတွက် ရှဝိန်းစတိုက်ဂါ(ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

ကမ္ဘာ့အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ခံစစ်မှူး လူးဝစ်အား ချယ်လ်ဆီး ကမ်းလှမ်း

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာအသင်းမှ အသက် ၂၃နှစ်ရှိ ဘရာဇီးခံစစ်မှူး ဒေးဗစ်လူးဝစ်အား ပေါင် ၁၀သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း၊ ၎င်းအား မန်ယူနှင့် ရီရဲတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြသည်။

တောရက်စ်အား စာချုပ်ခေါ်ယူရန် ဘာကာ ဆုံးဖြတ်

ဘာစီလိုနာအသင်းသည် လီဗာပူးအသင်းမှ စပိန်တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်အား စာချုပ်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း၊ သို့သော်လည်း ၎င်း၏ပြောင်းရွှေ့ကြေးကို ပေါင် ၃၈ သန်းထက် ပိုမပေးဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဘော်လ်တန်မှ ဆမ်မြူယယ်အား နယူးကာဆယ်ခေါ်ယူ

နယူးကာဆယ်အသင်းသည် လာမည့် ပရီမီယာလိဂ်ဘောလုံးရာသီတွင် အသင်းကို အင်အားဖြည့်တင်းသည့်အနေဖြင့် ဘော်လ်တန် ဘယ်နောက်ခံလူ ဂျေလွိုက်ဆမ်မြူယယ်အား စာချုပ်ခေါ်ယူခဲ့ကြောင်း ဖော်ပြသည်။

ရော်ဘင်ဟိုအား မန်စီးတီးအသင်းက ထွက်ခွာခွင့်ပြုမည်

လာမည့် သြဂုတ်လတွင် ဆန်တိုစ်အသင်းနှင့် အငှားစာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် မန်စီးတီး တိုက်စစ်မှူး ရော်ဘင်ဟိုအား မန်စီးတီးက အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တီယိုတီအား ဘာမင်ဂမ်နှင့် ဖူလ်ဟမ် စိတ်ဝင်စား

အက်ဖ်စီတွမ်ဟီးမှ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ချီအစ်အစ္စမေးလ် တီယိုတီအား ခေါ်ယူရန် ဘာမင်ဂမ်နှင့် ဖူလ်ဟမ်နှစ်သင်းစလုံးက စိတ်ဝင်စားနေကြကြောင်း သိရသည်။

ရှိုင်ဟော့ဂ်ဆန်ထွက်ခွာပါက အဲရစ်ဆင်အား ဖူလ်ဟမ်ကမ်းလှမ်းမည်

အကယ်၍ ဖူလ်ဟမ်အသင်းနည်းပြ ရှိုင်ဟော့ဂ်ဆန်သည် လီဗာပူး သို့မဟုတ် အင်္ဂလန်လက်ရွေးစင်အသင်းသို့ ပြောင်းရွှေ့ဖြစ်ပါက ဖူလ်ဟမ်အသင်းအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် မန်စီးတီးအသင်းနည်းပြဟောင်း အဲရစ်ဆင်အား နည်းပြအဖြစ် ကမ်းလှမ်းမည်ဟု ဆိုသည်။

လီဗာပူးနှင့်သဘောတူညီမှု ဂျိုဗာနိုဗစ် ရုပ်သိမ်းဖွယ်

ဆားဗီးယား တိုက်စစ်မှူး ဂျိုဗာနိုဗစ်သည် လီဗာပူးသို့ ပြောင်းရွှေ့ရန် အကြိုသဘောတူညီချက်ကို ရုပ်သိမ်းပြီး အင်တာမီလန်သို့ ပြောင်းရွှေ့သွားသော လီဗာပူးနည်းပြဟောင်း ရာဖေးလ်ဘင်နီတက်ဇ်နောက်သို့ လိုက်လံပြောင်းရွှေ့မည်ဟု အရိပ်အမြွက်ပြောကြားခဲ့ကြောင်း၊ ၎င်း၏ စတင်းဒတ်လိဂ်အသင်းနှင့် စာချုပ်မှာ ယခုနွေရာသီက ကုန်ဆုံးခဲ့ပြီဖြစ်ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလက အန်ဖီးလ်သို့ ပြောင်းရွှေ့ရန် အကြိုသဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

စပါးမှ ဆန်းတို့စ်အား ဂျီနိုအာ ပစ်မှတ်ထား

စပါးတောင်ပံကစားသမား ဂျီအိုဗန်နီဒေါ့ဆန်းတို့စ်အား အီတလီအသင်း ဂျီနိုအာက စာချုပ်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဖော်ပြသည်။

ခံစစ်မှူးအော့ဂ်ဘွန်နာအား စာချုပ်ရန် အဲဗာတန် မျက်စိကျ

အဲဗာတန်အသင်းသည် တိုရီနိုအသင်းတွင် ကစားနေသော အီတလီ အသက် ၂၁ နှစ်အောက် လက်ရွေးစင်အသင်းခံစစ်မှူး အန်ဂျီလိုအော့ဂ်ဘွန်နာအား ပေါင် ငါးသန်းဖြင့် စာချုပ်ခေါ်ယူရန် မျက်စိကျနေသည်။

အယ်လ်ပီဂျီအေ ဂေါက်ရိုက်ပြိုင်ပွဲတွင် မီယာဇာတို ရေပန်းစား

မကြာမီကမှ ကမ္ဘာ့အဆင့်(၁)အမျိုးသမီးဂေါက်သီးကစားသမားဖြစ်လာသူ ဂျပန်မှ အယ်လ်မီယာဇာတိုသည် အယ်လ်ပီဂျီအေအမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေကြောင်း သိရသည်။

ပြေးခုန်ပစ်မယ် ဝေါ်လာဒါ အားကစားပြိုင်ပွဲတွင် ပါဝင်ခွင့်ပိတ်ပင်ခံရ

ဗြိတိသျှပြေးခုန်ပစ်မယ် ရေချယ်ဝေါ်လာဒါသည် တားမြစ်ဆေးသုံးစွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိရပြီးနောက် ၎င်းအား ပြိုင်ပွဲအားလုံးတွင် ပါဝင်ခွင့်ကို ယာယီပိတ်ပင်ခဲ့သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ရော့ဒစ် တက်ရောက်

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် တင်းနစ်သမား အန်ဒီရော့ဒစ်သည် ပြိုင်ဘက် မိုက်ကယ်အယ်လ်လိုဒရာအား ၄-၆၊ ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိပြီး တတိယအဆင့် ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ (အင်တာနက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော် ပုဗ္ဗသီရိမြို့နှင့် ဇမ္ဗူသီရိမြို့တို့တွင် နေရာချထားမည့် Hotel, Shopping Mall, Shopping Complex နှင့် ဇီဝကဆေးဆိုင်ခန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ပုဗ္ဗသီရိမြို့

၁။ မြို့နယ်အုပ်ချုပ်ရေးရုံးအနီးတွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ကို စိစစ်ခွင့်ပြုပါမည်-

(က) Hotel လုပ်ငန်း၊
(ခ) Shopping Mall လုပ်ငန်း၊
(ဂ) Shopping Complex လုပ်ငန်း၊
(ဃ) ဇီဝကဆေးဆိုင်ခန်းများဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီး ဆိုင်ခန်းများအား ရောင်းချခြင်းလုပ်ငန်း။

ဇမ္ဗူသီရိမြို့

၂။ သပြေကုန်းဈေး တောင်ဘက်နှင့် ရှိုင်ရယ်မြန်မာဂေါက်ကွင်းကြားတွင် ဇီဝကဆေးဆိုင်ခန်းများ ဆောက်လုပ်လျက်ရှိရာ ဆိုင်ခန်းတစ်ခန်းလျှင် ပေ(၄၀×၆၈) အကျယ်နှစ်ထပ်ဖြစ်ပြီး နှစ်ခန်းတွဲ RC အဆောက်အအုံများပါဝင်၍ ဆေးဝါးနှင့်ပတ်သက်သော အောက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်-

(က) အထူးကုဆေးခန်းများဖွင့်လှစ်ခြင်းလုပ်ငန်း၊ (သွား၊ ခံတွင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး/အကြော စသည်ဖြင့်)
(ခ) အပေါ်ထပ်တွင် စမ်းသပ်ခန်းများ၊ နားနေခန်းများ၊ ရုံးခန်းများပါရှိပါသည်။
(ဂ) အောက်ထပ်တွင် ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ပါသည်။

၃။ စိတ်ပါဝင်စားသူများသည် မြေပြင်တွင်လာရောက်လေ့လာကြည့်ရှုပြီး အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

ပုဗ္ဗသီရိမြို့မြေကွက်များအတွက်- ၀၆၇-၄၁၄၆၁၀၀၊ ၀၆၇-၄၁၄၂၀၂၂၊ ၀၆၇-၄၁၄၂၀၄၊
ဇီဝကဆေးဆိုင်ခန်းများအတွက်- ၀၆၇-၄၁၄၂၉၃၊ ၀၆၇-၄၁၄၂၉၅။



ကျိုင်းတုံတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက်က ကျိုင်းတုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အသိပညာပေး ဟောပြောပွဲ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်က အမှာစကား ပြောကြားပြီး ကျိုင်းတုံ(မူးယစ်) ရဲအုပ်ကျော်နိုင်က မူးယစ်ဆေးဝါးပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်လှလှဌေးက မူးယစ်ဆေးဝါးဥပဒေအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း **(အပေါ်ပုံ)**၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းသန်းအေးက ကုသကာကွယ် မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးလပြည့်က ရှောင်လေဝေးဝေး မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဗိုလ်ကြီးစိုင်းအောင်ချမ်းငြိမ်း
B.C.Sc(D.S.A)
M.C.Sc(U.C.SM)
တပ်မတော်(ရေ)
နှင့်
မအိအိခိုင်ဇံ
B.A (English)
Diploma in Global English

တို့၏ ၂၀-၆-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Yuzana Garden Hotel၌ ကျင်းပ ပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်သန်းထွဋ်နှင့်ဇနီး ဒေါ်နီနီလှိုင်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မအေးမင်းသန့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဖန်း ကိုင်ဆောင်ပေးပါသော မချယ်ရီချစ်ဆွေ၊ သတို့သားအရံ ဗိုလ်ကြီးကျော်သက်၊ ဗိုလ်ကြီးပြည့်ဖြိုးအောင်၊ သတို့သမီးအရံ မအိဝင်းထက်တင်၊ မဟေမာန်ထက်တင်၊ မိတ်ကပ် ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံ ကိုမိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာသတို့သမီးဝတ်စုံ ငှားရမ်းပေးပါသော Yes I do Wedding Dress & Photo၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တီးဝိုင်းနှင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်ငြိမ်းငြိမ်းအိ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဆုလာဘ်ရတနာရွှေဆိုင်၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးစိုင်းအောင်ချမ်းငြိမ်း-မအိအိခိုင်ဇံ။

လူပျောက်



အထက်ပါဓာတ်ပုံရှင် စိတ်ဝေဒနာရှင် ခင်မောင်လွင်(ခ)မဲ့နီအောင် အဖ ဦးဘိုနီ(ခ)ဦးကြွက်နီ၏သားသည် ၁၂-၆-၂၀၁၀ရက်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-ဦးစိန်သိန်းမောင်
ဖုန်း-၇၃၀၁၈၁၆၇။

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဟုတ်တိုင်းမှန်ရာ ဆုံးဖြတ်ရှာ

ကားအသန့်ရောင်းမည်
Hino-FH ကုန်တင်(၆)ဘီး ... 24 ပေ
Town Ace (Pickup) 2001 Model
☎ : 73001822

အမြန်ဝယ်လို/လဲလိုသည်။

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို စာပေဟောပြောပွဲ အထက(၂)ဒဂုံ၌ ကျင်းပ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုသည့် စာပေဟောပြောပွဲကို ဇွန် ၁၈ ရက်က အထက(၂)ဒဂုံ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာမ မမိုးမြေက ပုဂံခေတ်မြန်မာအမျိုးသမီးအကြောင်းနှင့် စာရေးဆရာမ မစန္ဒာက ထိန်းသိမ်းအပ်သော ရိုးရာယဉ်ကျေးမှုအကြောင်းတို့ကို ဟောပြောကြသည်။

(အောက်ပုံ) (၁၃၅)

ရေထွက်ပစ္စည်းများ လျာထားချက်ပြည့်မီကျော်လွန်ရေး တမူး၌ ဆွေးနွေး

ကလေး ဇွန် ၂၄

ကလေးခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဝင်းတင်သည် ဇွန် ၁၁ရက်က တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် တမူးမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်းများ တင်ပို့လျက်ရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် ရေထွက်ပစ္စည်းမှ ပြည်ပပို့ကုန်လျာထားချက်ပြည့်မီ ကျော်လွန်ရေးအတွက် ကုမ္ပဏီလုပ်ငန်းရှင်များ အနေဖြင့် ယခုကတည်းက အစီအမံများပြုလုပ်ပြီး ရာသီချိန်အတွင်း အပြည့်အဝ တင်ပို့နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရန်နှင့် ငါးလုပ်ငန်းအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်(၃၀)ပြည့်ပုလဲရတု ဆရာကန်တော့ပွဲ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၈၀ပြည့်နှစ်ဆင်း ကျောင်းသား ကျောင်းသူများ၏ နှစ်(၃၀)ပြည့် အထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ အလှူငွေများကို ဒေါ်နီနီလှိုင် ဖုန်း-၀၉-၅၀-၁၆၁၉၇၊ ဒေါ်အမာ ဖုန်း-၀၈၅-၂၂၄၁၁၊ ဒေါ်အေးအေး ဖုန်း-၀၉-၆၈-၀၂၅၀၈၊ ဦးမောင်မောင်သိန်း ဖုန်း-၀၂-၉၁၀၀၃၃၀၃၊ ဦးလှမြင့် ဖုန်း-၀၉-၆၈-၀၂၃၃၉၊ ဦးမြင့်ဇော် ဖုန်း-၀၂-၃၉၁၇၄၊ ဦးကျော်ဆင့် ဖုန်း-၀၂-၆၆၄၀၄၊ ဒေါ်ကြူကြူ ဖုန်း-၀၉-၈၀-၂၇၆၄ နှင့် ဒေါ်သီတာဦး ဖုန်း-၀၉-၅၁-၄၈၇၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(ပညာရေး)***

ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ရက်က ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်း မထသရုံးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၅၇)

ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော ပန်းအလှပင်နှင့် အရိပ်ရပင်များကို ဇွန် ၈ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ သရက်၌ကျင်းပ

သရက် ဇွန် ၂၁

သရက်ခရိုင် သရက်မြို့နယ် ၂၀၁၀-၂၀၁၁ စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃၁ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူးဦးငွေထွန်းက စီမံကိန်းတာဝန်ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းတို့မှ တာဝန်ရှိသူအသီးသီးက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

လက်ခံ

ထို့နောက် စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌဦးသန်းလွင်က ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌများကိုယ်စား အင်းမငယ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းကြိုင်က လက်ခံယူသည်။

(ယာပုံ) (ခရိုင် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးဆိုင်များ အလေးချိန်ခွင် မှန်ကန်မှု ရှိမရှိကို ဇွန် ၁၀ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နုနုစိုး စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်၌ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

တာချီလိတ် ဇွန် ၂၀

တာချီလိတ်ခရိုင် ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ရက် မွန်းလွဲ ၁နာရီက တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းတာဝန်များကို တာချီလိတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်ထံ ပေးအပ်သည်။

(အောက်ပုံ) (ဝ၁၆)

နေပြည်တော်တပ်ကုန်း စာပေစာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၁၂ရက် မွန်းလွဲ ၁နာရီက နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ကျင်းပရာ နာယက မြတ်ဘုန်း(တပ်ကုန်း) ရွှေသင်းယုလွင်နှင့် ထွန်းလတ်(တပ်ကုန်း)တို့က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ် ဦးမောင်သန့်(မောင်သက်နှင်း-မ/ဥ)က ပဉ္စမအကြိမ်စာပေညီလာခံအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အလုပ်အမှုဆောင် ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း)က အဖွဲ့၏ဘဏ္ဍာရေး အခြေအနေများ ရှင်းလင်းတင်ပြသည်။ (ဝ၉၁)

မြို့နယ် သတင်း ထွေတလာ

ပုသိမ်ကြီးဇီးချိုကုန်း၌ နွေစပါးစံကွက် ရိတ်သိမ်း

ပုသိမ်ကြီး ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စာရင်းအင်း) ဦးအေးမောင်စိန်၊ ဒုတိယတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးမင်းသိန်း၊ ခရိုင်မြေစာရင်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဘုန်းမြင့်တို့ပါဝင်သည့် အဖွဲ့သည် ဇွန် ၆ရက် နံနက် ၁၀နာရီက မန္တလေးတိုင်း မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၈၉) ကြက်တိုက်ပင်ကွင်း အတွင်းရှိ တောင်သူဒေါ်ကြည်ကြည်မာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးပိုင်အမှတ်(၂၈)ဧရိယာဝဒသမ၇၇ ဧကရှိ မြေပေါ်တွင် စိုက်ပျိုးထားရှိသည့် ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရိတ်သိမ်း

အဆိုပါ စံကွက်ရိတ်သိမ်းမှုတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးချစ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဒေါ်ခင်လှမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါးအထွက်ကောင်းမျိုးဖြစ်သည့် ရွှေသွယ်ရင်မျိုး(သင့်) အဆင့်အတန်း ကိုယ်စားပြုစံကွက်ကို ရိတ်သိမ်းရာ စပါးအစို အထွက်တင်းအနေဖြင့် တစ်ဧက ၁၀၃ဒသမ ၂၆တင်း ထွက်ရှိပြီး စပါးအခြောက်တင်းထွက်ရှိမှု အနေဖြင့် တစ်ဧက ၉၈ဒသမ ၉၁တင်း ထွက်ရှိသည်။ (၁၁၃)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျောက်ဆည်ခရိုင်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်း

ကျောက်ဆည် ဇွန် ၁၉

စာကြည့်တိုက်ဖောင်ဒေးရှင်းမှကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်၌ ဇွန် ၂ရက် ညနေ၃နာရီက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအကြောင်းနှင့် စာပေရေးရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးဝင်းက ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ပြောကြား

ဆက်လက်၍ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များကို (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလင်းနှင့် အဖွဲ့ဝင် ဦးတင်နိုင်ထွန်းတို့က လက်ခံယူပြီး ရပ်မိရပ်ဖ ဦးပေါက်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သုတရသစာအုပ်၃၅၀ နှင့် ဂျာနယ်စာစောင်၂၅၀ကျော်နှင့်နေ့စဉ်ထုတ်သတင်းစာ အစောင်၅၀ကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဦးမှန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းလွင်နှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဇွန်၉ရက်က လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဦးလေးနှင့်လက်ထောက်အင်ဂျင်နီယာဦးဇော်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နို့စားနွား တိုးတက်မွေးမြူရေး ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆောင်ရွက်

တောင်ကြီး ဇွန် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နို့စားနွားတိုးတက်မွေးမြူရေးလုပ်ငန်းစဉ် တစ်ရပ်ချမှတ် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကနို့စားနွားမွေးမြူသူများအား ပညာပေးစည်းရုံး၍ နို့စားနွားမများ ဝယ်ယူမွေးမြူရေး၊ ဒေသခံမွေးမြူရေးသမားများမှ မွေးမြူထားသည့် ဒေသနွားမများနှင့် နို့စားနွားမများကို ၁၀၀ ရာခိုင်နှုန်း၊ ဂျာမနီ နို့စားနွားမျိုးရည်ချောင်းများအား မေထုန်မဲ့ သားစပ်နည်းဖြင့် မွေးမြူရေးတို့ကို ဆောင်ရွက်ခဲ့ရာ ရှစ်လအတွင်း နွားမ ၄၁ ကောင် သားစပ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ပေါက်ဖွား

ထိုသို့ သားစပ်ပေးခဲ့ပြီး တောင်ကြီးမြို့ပေါ်ရှိ မွေးမြူသူ တစ်ဦးထံမှ နို့စားနွားမကြီးသည် မေ ၅ ရက်တွင် ဖရီရှန် ဂျာမနီမျိုး နွားမလေးတစ်ကောင် စတင် ပေါက်ဖွားလာသည်။ ဆက်လက်၍ အခြားသားစပ်ပေးထားသော နွားမများမှာလည်း မရှေးမနှောင်းပင် ဆက်လက်ပေါက်ဖွားလာတော့မည် ဖြစ်သည်။

ယင်းနို့စားနွား သားအမိ၏ ကျန်းမာရေးကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိသည်။ အဆိုပါမိခင်နွားမကြီးမှာ ဖရီရှန် ၇၅ ရာခိုင်နှုန်းခန့်အဆင့်ရှိ၍ ပေါက်ဖွားလာသည့် နွားမလေးမှာ ၈၇ ဒသမ ၅ရာခိုင်နှုန်းအဆင့်အထိ တိုးမြှင့်လာသဖြင့် ဖရီရှန်နို့စားနွား ကြန်အင်လက္ခဏာများ တိုးတက်ပြည့်စုံလာကြောင်း သိရသည်။ **(အောက်ပုံ)(ပြည်နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ခရိုအေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၀ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ ဂျဒရန်ကာကိုဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Aloke Sen အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen အား ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၄ ✳